**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၁)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရမည့် Grade -12 ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

စာ - ၁၆ သို့



မန္တလေးတိုင်းဒေသကြီးတွင် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှုကိုတွေ့ရစဉ်။

# မိုးနဲမြို့နယ်၌ မိုးစပါး ၁၁၀၇၆ ဧက စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိ

မိုးနဲ ဇွန် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်၌ ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံစေရေးအတွက် မိုးစပါးစိုက်ဧက ၁၁၀၇၆ ဧက စိုက်ပျိုးနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မိုးနဲမြို့နယ်အနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် လယ်စပါးအဖြစ် ရွှေရင်အေး၊ DU-8 နှင့် DU-12 မျိုးကို အများဆုံးစိုက်လျက်ရှိပြီး ယာစပါးအဖြစ် ခေါက်ဖီပန်၊ ခေါက်မီးကွတ်၊ ခေါက်လွိုင်ဟွမ်စပါးမျိုးများကိုစိုက်ပျိုးကြကာ ပေါင်စနစ်ဖြင့် ဧက ၁၅၀၀၊ ရိုးရိုးပျိုးထောင်စိုက်ပျိုးခြင်းဖြင့် ၈၀၆၆ ဧက၊ Drum Seeder ဖြင့် ဧက ၂၀၊ ကောက်စိုက်စက်ဖြင့် ၁၀ ဧကနှင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းဖြင့် ဧက ၁၄၈၀ ကို စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၇ ကော်လံ ၁ ■

**ဆောင်းပါး**

**မိုးရာသီနှင့်သွေးလွန်တုပ်ကွေးရောဂါ**

စာ - ၁၃ သို့

----------------

**အမြို့မြို့အနယ်နယ်၌ အမှိုက်များခွဲခြားစွန့်ပစ်ခြင်းအသိပညာပေးသရုပ်ပြပွဲကျင်းပ**

စာ - ၁၂ သို့

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၁၇-၆-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟုမ္မလင်း | ၄ | ဒသမ | ၈၀ | လက်မ |
| ကျိုက္ခမီ | ၃ | ဒသမ | ၄၆ | လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃ | ဒသမ | ၃၈ | လက်မ |
| ပြည် | ၂ | ဒသမ | ၉၉ | လက်မ |
| ဟိုင်းကြီးကျွန်း | ၂ | ဒသမ | ၇၂ | လက်မ |
| သထုံ | ၂ | ဒသမ | ၅၂ | လက်မ |
| ပျဉ်းမနား | ၂ | ဒသမ | ၄၈ | လက်မ |
| စစ်တွေ | ၂ | ဒသမ | ၄၀ | လက်မ |
| နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) | ၂ | ဒသမ | ၀၄ | လက်မ |
| မုဒုံ | ၁ | ဒသမ | ၉၃ | လက်မ |




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၁၈ ရက်)

# လူငယ်အားလုံးတို့၏ အဓိကတာဝန်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကာလကတည်းက ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်ထည်ဝါစွာရပ်တည်ခဲ့သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးဖော်ဆောင်ခဲ့သူ နိုင်ငံ့ခေါင်းဆောင်များ၏ဦးဆောင်မှုနောက်တွင် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဖဝါးခြေထပ် ထက်ကြပ်မကွာလိုက်ပါဆောင်ရွက်ခဲ့ကြသည်။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းတရားကြီးတို့သည် တိုင်းပြည်စည်ပင်သာယာအောင်၊ အန္တရာယ်မှန်သမျှကင်းဝေးအောင် ဘက်ပေါင်းစုံမှဆောင်ရွက်ခဲ့ရာတွင် ထင်ရှားသော တိုင်းကျိုးပြည်ဆောင်ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။ ထို့ကြောင့် သူတို့၏အမည်မှာ ယနေ့တိုင် ခိုင်မြဲနေခြင်းဖြစ်သည်။

ထိုကဲ့သို့ စည်ပင်ဝပြောလှသော၊ မြေပေါ်မြေအောက်သယံဇာတပေါများကြွယ်ဝသော မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က မက်မောတွယ်တာခဲ့ကြသည်။ ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် အကြောင်းမရှိအကြောင်းရှာ၍ကျူးကျော်စစ်ဆင်နွှဲကာ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။

ဤသမိုင်းဖြစ်စဉ်မှာ လူငယ်တိုင်းသိရှိထားရမည့် သမိုင်းသင်ခန်းစာပင်ဖြစ်သည်။ ဘိုးဘွားတို့လက်ထက်က နယ်ချဲ့တို့၏ကျူးကျော်မှုကို သင်ခန်းစာယူကာ ယခုလက်ရှိကာလများတွင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်တိုင်းတွင်တာဝန်ရှိသည်ဟူသော အသိတရားထားရှိရမည်ဖြစ်သည်။ နယ်ချဲ့တို့နှင့်ဖြစ်ပွားခဲ့သောတိုက်ပွဲများတွင် ထိုခေတ်ကာလများဆီက လက်နက်အင်အားမမျှ၍ အရှုံးပေးလိုက်ရသော်လည်း စိတ်ဓာတ်ခွန်အားလျော့ပါးခြင်းမရှိခဲ့ပေ။ နိုင်ငံကိုသိမ်းပိုက်နိုင်ခဲ့သော်လည်း မြန်မာတို့၏စိတ်ဓာတ်ကိုသိမ်းပိုက်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် နောက်ဆုံးတွင်လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတိုင်းတွင်ကာကွယ်ရေးအင်အားတောင့်တင်းနေရမည်ဖြစ်သည်။ ကာကွယ်ရေးအင်အားတောင့်တင်းနေမှသာ ပြည်ပကျူးကျော်မှုများကိုကာကွယ်နိုင်မည်ဖြစ်သည်။ မိမိနိုင်ငံကို မိမိတို့ကာကွယ်ရေးမှာ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသူအားလုံး၏မွေးရာပါတာဝန်ဖြစ်သည်။ မိမိတို့အသက်အရွယ်နှင့်လိုက်ဖက်သည့် တာဝန်မှန်သမျှကိုကျေပွန်စွာအားသွန်ခွန်စိုက်ထမ်းဆောင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အရွယ်ရောက်ပြီးသူလူငယ်လူရွယ်တိုင်း နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းဆောင်ရမည်သာဖြစ်သည်။

ထိုသို့စစ်မှုထမ်းဆောင်ခြင်းဖြင့် ပထမဆုံးရရှိလာသည့်ကောင်းကျိုးသည် မိမိတို့တစ်ဦးချင်းအနေဖြင့် စည်းစနစ်ကျနစွာသွားလာပြောဆိုလုပ်ကိုင်ဆောင်ရွက်တတ်မည်။ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်ပြီး မိမိဘဝတိုးတက်ရေး၊ မိမိနိုင်ငံတိုးတက်ရေးအတွက်လုပ်ကိုင်ဆောင်ရွက်တတ်လာမည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် လိမ္မာရေးခြားရှိစွာပြောဆိုတတ်လာမည်။ မိမိနိုင်ငံ၏သမိုင်းကြောင်းများကို တိကျမှန်ကန်စွာ သိရှိနားလည်လာမည်။ အထူးသဖြင့် ရဲဘော်စိတ်ရှိလာကြမည်ဖြစ်သည်။ ရဲဘော်အချင်းချင်းမေတ္တာတရားထားရှိလာမည်။ သံယောဇဉ်တိုးပွားလာမည်။ သစ္စာစောင့်သိမှုဖြစ်ပေါ်လာမည်။

နိုင်ငံတော်၏အနာဂတ်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းလိုက်ခြင်းမှာအလွန်ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ လူငယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားသည်ဖြစ်စေ၊ မပြဋ္ဌာန်းသည်ဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမည်မှာ မွန်မြတ်သောတာဝန်ဝတ္တရားဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ၏အနှစ်သာရမှာ အရွယ်ရောက်သူနိုင်ငံသားအားလုံးသည် မိမိနိုင်ငံကိုကာကွယ်ရန်တာဝန်ရှိသည်။ လိုအပ်လျှင် စစ်မှုထမ်းဆောင်ကြရမည်။ နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာများတတ်မြောက်ရမည်ဆိုသည့် အသိစိတ်ရှိလာအောင်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အတိတ်ကဖြစ်ခဲ့ရသော ကိုလိုနီလက်အောက်ခံဘဝမျိုးပြန်လည်မကျရောက်စေရေးအတွက် နိုင်ငံသားတိုင်းက နိုင်ငံတော်ကာကွယ်ရေးအသိပညာ၊ အတတ်ပညာများပြည့်ဝနေရပေမည်။

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်သူတိုင်းက မိမိနိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေချင်ကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ စိတ်ဆန္ဒရှိရုံမျှဖြင့်ပေါ်ထွန်းလာမည်မဟုတ်ပေ။ မိမိတို့တစ်ဦးချင်းကိုယ်၌က နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်ကျရာတာဝန်ကိုစိတ်သဘောထားဖြူစင်စွာ ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှုမဖြစ်လာနိုင်ပေ။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်ချက်နှင့်ကိုက်ညီသောလူငယ်တိုင်းက ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကြပြီး သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ကြရမည်ဖြစ်သည်။ ဘိုးဘွားများပေးအပ်ခဲ့သောအမွေအနှစ် မြန်မာနိုင်ငံကို မြန်မာလူငယ်တို့က ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်သာဖြစ်သည်။ ထိုတာဝန်သည် အမွန်မြတ်ဆုံးသောတာဝန်၊ **လူငယ်အားလုံး၏ အဓိကတာဝန်**ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## လျှောင်ဘေးအန္တရာယ်ဆိုင်ရာသတ္တာန်တူ ဇာတ်တိုက်လေ့ကျင့်

မိတ္ထီလာ ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာပညာရေးဒီဂရီကောလိပ်၌ ဇွန်လ ၁၆ ရက်တွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှစီစဉ်ဆောင်ရွက်သော လျှောင်ဘေးအန္တရာယ်ဆိုင်ရာသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဇာတ်တိုက်လေ့ကျင့်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မိတ္ထီလာပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များက လျှောင်ဘေးအန္တရာယ်ဆိုင်ရာလက်တွေ့ကြုံတွေ့နိုင်သည့်အခြေအနေတွင် လျှောင်လှုပ်ကြောင်းစက်အသံဖြင့် အချက်ပြသတိပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများ စာသင်ခန်းအတွင်း ဝပ်၊ ကာ၊ ကိုင်ပုံစံဖြင့်နေထိုင်ခြင်း၊ လျှောင်ဘေးလွတ်ကင်းနေရာသို့ပြေးထွက်နေရာယူခြင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များရောက်ရှိခြင်း၊ ပိတ်မိနေသောကျောင်းသား၊ ကျောင်းသူများကို ရှာဖွေကယ်ထုတ်ခြင်း၊ ဒဏ်ရာရရှိသူများအားရှေးဦးသူနာပြုစုခြင်း စသည်တို့ကို သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့်တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် ဇာတ်တိုက်လေ့ကျင့်မှုတွင် ပါဝင်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများပေးအပ်ကြောင်း သိရသည်။ (၆၀၂)

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၁၈-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အခြေခံပညာဦးစီးဌာန
# ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
# (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်)စာရင်း

**မြန်မာစာဘာသာရပ်** — ရက်စွဲ။ ၁၆-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁% | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၇ | ၄၉၆၈ | ၈၀၄၅ | ၆၁ | ၉၉ | ၁၆၀ | ၉၈.၀၅% | ၁.၉၅% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၄၀၀ | ၁၉၃၈၈ | ၃၃၇၈၈ | ၂၅၈ | ၁၉၅ | ၄၅၃ | ၉၈.၆၈% | ၁.၃၂% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၄ | ၇၀၀၃ | ၁၂၄၀၇ | ၆၄ | ၆၀ | ၁၂၄ | ၉၉.၀၁% | ၀.၉၉% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၆၂ | ၃၆၆၆၂ | ၆၂၈၂၄ | ၄၃၉ | ၄၁၀ | ၈၄၉ | ၉၈.၆၇% | ၁.၃၃% | |

## သဃ်န်းကျွန်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို ဇွန်လ ၁၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ သင်္ဃန်းကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဂဏ္ဍာကျော်ထင် ဦးစိုးဝင်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါးအမျိုးမျိုး စတင်ရောက်ရှိလာပုံများကို ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူး မင်းမင်းထက်က မူးယစ်ဆေးဝါးဥပဒေ၊ နည်းဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်အေးအေးအောင်က ယနေ့လူငယ် နောင်ဝယ်လူကြီး အမြော်အမြင်ကြီးမှ ဘဝလှပကြောင်း ရှင်းလင်းပြောကြားပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဂဏ္ဍာကျော်ထင် ဦးစိုးဝင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သုတ၊ ရသ စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက လက်ခံရယူသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်ပိုစတာများ၊ သုတ၊ ရသ စာအုပ်စာစောင်များအား တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဂဏ္ဍာကျော်ထင် ဦးစိုးဝင်း၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်း၊ သင်္ဃန်းကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ပျိုးပင်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ရန်ကုန်ပါဒကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာ ကန်ကြီးကုန်း ရေလှောင်တမံ၌ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတတ်စေရန်၊ အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်စေရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသန့်ဇင်က တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်ပြီး တွံတေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပျိုးပင်များပေးအပ်သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသန့်ဇင်၊ အဖွဲ့ဝင်(၃) ဦးမောင်မောင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးမျိုးသန့်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက မန်ဂျန်ရှားအပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြသည်။

မြို့နယ်သစ်တောဦးစီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရေး၊ သစ်တောသစ်ပင်များသည် လူ့ပတ်ဝန်းကျင်အတွက် များစွာအရေးပါပြီး သစ်တောသစ်ပင်များက ရေ၊ သယံဇာတများကိုထိန်းသိမ်းကာ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို သဟဇာတဖြစ်စေရန်၊ ဥတုရာသီတောကိုမှီဟူသည့်အတိုင်း ရာသီဥတုကောင်းမွန်စေရန်၊ စိမ်းလန်းစိုပြည်မှုကိုဖြစ်စေသဖြင့် စိတ်နှလုံးကိုအေးချမ်းစေရန်၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်စေရေး စတင်စိုက်ပျိုးသည်မှစ၍ စဉ်ဆက်မပြတ်ပြုစုထိန်းသိမ်းရန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များဖြင့် သစ်ပင်များစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

နောက်ဆုံး၌ ရုံပိုင်က ကျွန်ုပ်တို့၏ အလုပ်အကိုင်ကိုမေးရာ ကျွန်ုပ်က သူရိယတိုက်အယ်ဒီတာဖြစ်ကြောင်း ပြောပြသည်နှင့် ကမာရွတ်ဘက်၌ရှိသော တိုက်အုပ် ဦးဘကလေးထံ တယ်လီဖုန်းဆက်၍ မေး၏။ ထို့နောက် ဦးဘကလေးနှင့် ကျွန်ုပ်စကားပြောစေ၍ ကျွန်ုပ်က အဖြစ်အပျက်ကို အမှန်အတိုင်းပြောပြ၏။ ဤတွင် ဦးဘကလေးက ကျွန်ုပ်တို့အတွက် တာဝန်ယူကြောင်းပြော၍ မနက်ဖြန်တွင် သူရိယတိုက်သို့ လူလွှတ်ပြီး လက်မှတ်ခတောင်းပါလျှင် ပေးပါမည်ဟု ပြောလေသည်။ နောက်ဆုံး၌ ရုံပိုင်သည် ဦးဘကလေး၏အာမခံချက်ဖြင့် ကျွန်ုပ်တို့အားလွှတ်မည်ပြုရာ ကျွန်ုပ်က–

"လက်မှတ်အတွက် ဘယ်လောက်ကျလဲ ရုံပိုင်ကြီး"

"တစ်ယောက် ရှစ်ကျပ်၊ နှစ်ယောက် ၁၆ ကျပ်၊ ဒဏ်ငွေ နှစ်ဆဆိုတော့ ၃၂ ကျပ် ကျတယ်"

"ဒီလိုတော့ ကျွန်တော် မပေးနိုင်ဘူးဗျ"

"ဘာကြောင့်လဲ"

"ကျွန်တော်တို့ ရိုးရိုးသားသားမှားတာဗျ၊ ခိုးစီးကြတာ မဟုတ်ဘူး၊ ဒဏ်ငွေတော့ မပေးပါရစေနဲ့"

"ဥပဒေအရတော့ ပေးရမှာပဲဗျ"

"ဒီလိုဆိုလျှင် ကျွန်တော်တို့ကိုမလွှတ်နဲ့၊ ခင်ဗျားတို့ လုပ်ချင်ရာလုပ်၊ ကျွန်တော်တို့ မသွားဘူး"

ရုံပိုင်သည် ကျွန်ုပ်တို့၏ မျက်နှာများကို လှမ်းကြည့်ရာ တကယ်တင်းမာခြင်းကို တွေ့ရသည့်လက္ခဏာနှင့် ခဲတံဖြင့် စားပွဲကိုခေါက်ကာ စဉ်းစားလျက်ရှိ၏။ ဤတွင် ကျွန်ုပ်က–

"လူတွေ ဒုက္ခဖြစ်နေရတဲ့အထဲမှာ ရိုးရိုးသားသားမှားတဲ့အပေါ် ခင်ဗျားတို့က ဒဏ်ရိုက်ပြီး အမြတ်ထုတ်လို့ တော်နိုင်ပါမလားဗျ"

ကျွန်ုပ်၏စကားသည် ရုံပိုင်အား အတော်ထိသွားဟန်ရှိ၏။

"ကဲ ... ကဲ ... ခင်ဗျား ပြောသလိုပဲ ထားပါတော့ဗျာ၊ ငွေ ၁၆ ကျပ် ပေးလိုက်နော်"

"ဒါကတော့ ဦးဘကလေးက တာဝန်ယူပြီပဲ မဟုတ်လား"

"သွားကြပါတော့ဗျာ"

ကျွန်ုပ်တို့နှစ်ယောက်သည် ကျောက်မြောင်းရပ် သီတာလမ်း၌ရှိသော ကျွန်ုပ်၏နေအိမ်သို့သွားရန်ဖြစ်သော်လည်း ဖြောင့်ဖြောင့်မသွားသေးဘဲ တရုတ်တန်းဘက်သို့သွား၍ ကျန်သမျှ ပိုက်ဆံလေးများဖြင့် ပျော်ကြလေသေးသည်။ ထိုခေတ်ကမူ ပိုက်ဆံများများကြီးပါမှ ပျော်နိုင်သည်မဟုတ်။ လူတစ်ယောက်တစ်ကျပ်ဆိုလျှင်လည်း အတော်စုံအောင်ပျော်နိုင်ကြသည်။ သို့ရာတွင် ထိုညကမူ လေယာဉ်ပျံ အချက်ပေးဥသြသံများနှောင့်ယှက်မှုကြောင့် ဖြောင့်ဖြောင့်မပျော်ကြရသဖြင့် ဇိမ်ပျက်လှပါဘိသည်။

**သွက်ချာပါဒသမား**

သီတာလမ်းရှိ ကျွန်ုပ်၏နေအိမ်သို့ နံနက်စောစော ရောက်ကြသောအခါ အလွန်ဖင်ပေါ့သော ကိုခင်မောင်တင့်သည် ချက်ပြုတ်စရာ

**"တစ်ညသ၌ ကိုခင်မောင်တင့် ရောဂါထလျက်ရှိစဉ် လေယာဉ်ပျံ အချက်ပေးဥသြဆွဲသဖြင့် ဆူညံလျက်ရှိ၏။ လေယာဉ်ပျံအချက်ပေးဥသြသံကို မည်သည့်ဗုံးကြဲလေယာဉ်များ လာမည့်အရေးကြောင့်ဆွဲခြင်းဖြစ်သည်ဟုသိကြရပြီး ဖြစ်သည့်အထဲတွင် ဥသြသံကလည်း အသည်းနှလုံးကို ပွတ်ခြေလိုက်ဘိသကဲ့သို့ စိတ်၏ညှိုးနွမ်းခြင်း ဖြစ်စေတတ်ခြင်းကို ကြားရသူတိုင်း နားလည်ကြပေလိမ့်မည် . . ."**

သားငါးများရအောင်ရှာ၍ မီးဖိုချောင်သို့ ဝင်ရှာပေသည်။ (ဤလူမှာ သူ့အိမ်တွင်လည်း သူကိုယ်တိုင် 'အိုးသူကြီး' လုပ်နေကျဖြစ်၍ သူ့အဖို့ ဝန်မလေးလှချေ။) ထမင်းစားသောက်ပြီးကြသောအခါ ကျွန်ုပ်သည် အလုပ်တိုက်သို့သွား၍ ကိုခင်မောင်တင့်က ညစာအတွက်နှင့်တကွ အိမ်မှုကိစ္စအဝဝကိုဆောင်ရွက်ရင်း အိမ်၌နေရစ်၏။ သူရိယတိုက်သည် ကမာရွတ်အနီး၌ရှိသော ဦးဘကလေး၏ နေအိမ်သို့ ပုံနှိပ်စက်များပါ ပြောင်းရွှေ့၍ သတင်းစာနေ့စဉ်မှန်မှန်ထွက်လျက်ရှိ၏။ အလုပ်ဌာနသို့ ကျွန်ုပ်ရောက်သွား၍ မကြာမီပင် ရထားဘက်မှ မင်းစေတစ်ယောက်ရောက်လာသဖြင့် ငွေ ၁၆ ကျပ် ပေးလိုက်ရ၏။ ကျွန်ုပ်၏ ဒီဇင်ဘာလအတွက်လခမှာ ယခုမှထုတ်ရသောကြောင့် ဦးဘကလေးအား အပူမကပ်ဘဲ ကျွန်ုပ်ကိုယ်တိုင် ပေးလိုက်နိုင်ပါသည်။ ထိုနေ့၌ ခေါင်းကြီးနှင့် မှတ်ချက်ရေး၍ အိမ်သို့ပြန်လာခဲ့ရာ လှေကားသို့ရောက်သည်နှင့် တစ်ပြိုင်နက် 'အလိုလေးဗျ၊ အမယ်လေးဗျ' ဟူသော ညည်းညူသံများကို ကြားရ၏။ ကျွန်ုပ်အဖို့ရာ၌ အသစ်အဆန်းမဟုတ်သောကြောင့် အထိတ်တလန့်မဖြစ်ဘဲတက်သွားရာ အိပ်ရာပေါ်၌ လူးလိမ့်လျက်ရှိသော ကိုခင်မောင်တင့်ကို တွေ့ရ၏။ ကိုခင်မောင်တင့်မှာ သွက်ချာပါဒရောဂါစွဲကပ်နေသူတစ်ယောက်ဖြစ်လေရာ ယခု လူကောင်းပကတိရှိရာမှ တော်တော်ကြာလျှင် အလိုလေး၊ အမယ်လေးနှင့် အော်ဟစ်ညည်းတွားရသူတစ်ယောက် ဖြစ်လေသည်။ ယင်းသို့ဖြစ်သည့်အခါ နိုပ်၍လည်း မရ၊ သူ၏အသားကိုလည်း အထိမခံနိုင်ဘဲ ကျဉ်၍တက်သည်ဆို၏။ အစားမှားလျှင် ဤသို့ဖြစ်တတ်သည်ဆိုရာ မတည့်သောအစာကို သူသိသော်လည်း မနေနိုင်သောကြောင့် စားမိသည်ဆို၏။ ကြီးပြင်းလာသောအရွယ်၌ မတည့်မှန်းသိလျက်နှင့်စားမိ၍ ခံရသောအကြိမ်ပေါင်းမှာ တစ်ရာလည်း ကမည်မထင်။ သို့နှင့်လည်း စားမြဲတိုင်းစား၍ ခံမြဲတိုင်း ခံရရှာသည်။ ဤနံနက် မုန့်ဟင်းခါးနှင့် လိပ်ဥစားခဲ့မိသည်ဟု ပြောပါသည်။ ညရောက်သောအခါ၌ ဘာကြောင့်မှန်းမသိ ဝေဒနာပျောက်ကင်းသွားပြန်ပါသည်။

**ကိုခင်မောင်တင့် ကျေနပ်ခြင်း**

ဤသို့ဖြင့် ကိုခင်မောင်တင့်နှင့် ကျွန်ုပ်တို့ နှစ်ယောက်တည်း အတူနေကြ၍ နှစ်ရက်တစ်ကြိမ်၊ သုံးရက်တစ်ကြိမ်ဆိုသလို သူ၏ရောဂါထလေ့ရှိ၏။ တစ်ညသ၌ ကိုခင်မောင်တင့် ရောဂါထလျက်ရှိစဉ် လေယာဉ်ပျံအချက်ပေးဥသြဆွဲသဖြင့် ဆူညံလျက်ရှိ၏။ လေယာဉ်ပျံအချက်ပေးဥသြသံကို မည်သည့်ဗုံးကြဲလေယာဉ်များ လာမည့်အရေးကြောင့်ဆွဲခြင်းဖြစ်သည်ဟုသိကြရပြီး ဖြစ်သည့်အထဲတွင် ဥသြသံကလည်း အသည်းနှလုံးကို ပွတ်ခြေလိုက်ဘိသကဲ့သို့ စိတ်၏ညှိုးနွမ်းခြင်း ဖြစ်စေတတ်ခြင်းကို ကြားရသူတိုင်း နားလည်ကြပေလိမ့်မည်။ ဤအသံသည် ညအချိန်ဖြစ်ခဲ့လျှင် သာ၍ဆိုးရွားသေး၏။ အူအသည်းကို တစ်စုံတစ်ခုနှင့် ရစ်ပတ်ဆွဲသည်နှယ် ခွန်အားတွေအားလုံးပါသွားသည် ထင်ရ၏။ ထိုည၌ ကိုခင်မောင်တင့် ရောဂါထလျက်ရှိစဉ် အချက်ပေးဥသြမှုတ်ရုံသာမက တကယ်ပင် ဂျပန်လေယာဉ်များ၏ အသံများကို ကြားရ၏။ များမကြာမီ လေယာဉ်ပျံများမှ ဗုံးများကြဲချ၍ မြေပြင်မှ လေယာဉ်ပျံပစ်အမြောက်သံများလည်း ဆူညံလျက်ရှိလေပြီ။ ကျွန်ုပ်သည် ကိုခင်မောင်တင့်အနီး၌ ထိုင်လျက်ရှိရာ ကိုခင်မောင်တင့်က သူ့မှာ ကာကွယ်ရေးကျင်းထဲသို့ဆင်းရန် မတတ်နိုင်။ ကျွန်ုပ်၏အသက်ကို အချည်းနှီးမစွန့်ဘဲ ကာကွယ်ရေးကျင်းထဲသို့ဆင်းရန် ပြောရှာလေသည်။ ကျွန်ုပ်သည် သေးငယ်သော ကိုခင်မောင်တင့်၏ ကိုယ်ကလေးကို ပွေ့၍မဆင်းနိုင်စေကာမူ တွဲ၍ဆင်းနိုင်လောက်၏။ သို့ရာတွင် တစ်ခါတစ်ရံ၌ဖြစ်တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း "ဖြစ်ချင်တာ ဖြစ်စမ်းပါစေဗျာ၊ ကျွန်ုပ်တို့ အိမ်ပေါ်တည့်တည့်ကျမှ သေမှာပါ၊ သေကြလျှင်လည်း အတူတူပေါ့ဗျာ၊ ကျုပ် မဆင်းဘူး"ဟု ပြောသည်နှင့် ကိုခင်မောင်တင့်သည် ခွန်အားမရှိသောလက်တစ်ဖက်ဖြင့် ကျွန်ုပ်၏လက်တစ်ဖက်ကို ကိုင်ညှစ်လေသည်။ ၁၅ မိနစ်ခန့် အပေါ်ကကြဲသူကကြဲ၊ အောက်မှပစ်သူကပစ်ကြပြီးနောက် ကျွန်ုပ်တို့အပေါ်သို့ တည့်တည့်ကျသော ဗုံးဟူ၍ တစ်လုံးမျှမရှိသည်နှင့်ကျွန်ုပ်တို့မှာ အရှင်လတ်လတ် ကျန်နေရစ်၍ ဟင်းချနိုင်ကြပါတော့သည်။

**လက်မြောက်ရခြင်း**

ဤရက်များ၌ ကျွန်ုပ်၏ဒုက္ခမှာ မသေးငယ်လှချေ။ သူနာတစ်ဖက်၊ အလုပ်တစ်ဖက်ရှိနေသည့်အပြင် သူရိယတိုက်တည်ထားသည့် ကမာရွတ်ရှိ ဦးဘကလေး၏နေအိမ်သို့ သွားရသည်မှာလည်း ဘတ်စကားအတန်တန်ပြောင်းစီး၍ ဖျော့တော့သော မျက်နှာများရှိနေကြသည့် ခရီးသည်များ၏အလယ်တွင် တစ်နာရီခန့်ထိုင်ပြီးမှ ရောက်သည်။ ကိုခင်မောင်တင့် ရောဂါတက်နေသောနေ့များတွင် နှစ်ယောက်အတွက် စားစရာကို တရုတ်တန်းတွင် ဆင်းဝယ်ပြီးမှ သီတာလမ်းသို့ ခရီးဆက်သည်။ သီတာလမ်းတစ်ခုလုံး၌လည်း လေး၊ ငါးအိမ်မှ တစ်ပါး လူမရှိသည်နှင့် ခြောက်ကပ်ငြီးငွေ့ဖွယ်ကောင်းလှသည်။ ဤသို့သော ဒုက္ခများ၏အလယ်တွင် ကိုခင်မောင်တင့်၏ရောဂါမှာလည်း ရက်ခြားဖြစ်ရာမှ ရက်ဆက်ဖြစ်လာသည်နှင့် ထမင်းကို နေ့တိုင်း ဝယ်စားနေရလေပြီ။ နံနက်အဖို့မူ သူ့အဖို့ ကော်ဖီနှင့် ပေါင်မုန့် မီးကင်ပေးခဲ့ပြီး၊ ကျွန်ုပ်အဖို့မူ တရုတ်တန်းသို့သွားပြီးမှ ကမာရွတ်သို့ သွားရ၏။

**ဆက်လက်ဖော်ပြပါမည်။**

## သထုံမြို့နယ် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**သထုံ ဇွန် ၁၇**

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာ ဗဟုသုတတိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၁၆ ရက်က သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(ဘင်လှိုင်)၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (ဘင်လှိုင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီထွန်းက အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးဟောပြောသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကြကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ၊



ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။

ချမ်းမြေ့

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၄) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများကျင်းပ

နေပြည်တော် ဇွန် ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၄) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့်သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဇွန်လ ၁၇ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ယနေ့ဆိုလျှင် ဝန်ကြီးဌာန (၄) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ရည်မှန်းချက်များပြည့်မီစေရေး၊ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အဓိကထားတာဝန်ယူဆောင်ရွက်ရသည့်အတွက် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ (၄) နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ဘွဲ့၊ တံဆိပ်ရရှိသူများ၊ စပါးအထွက်တိုးဆု၊ ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ ဌာန၏ လုပ်ငန်းစဉ်များအပေါ် အကောင်းဆုံးအကောင်အထည်ဖော်နိုင်မှုဆု၊ ကျေးလက်လမ်း၊ တံတားများ အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှုဆုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုရရှိကြသူများကို ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အခြားဝန်ကြီးဌာနများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ဂျာကင်နှင့် တူညီဝတ်စုံများ၊ ဝန်ထမ်းသားသမီးများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံစသည့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သော ဝန်ထမ်းများအတွက် ပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများ၊ တူညီဝတ်စုံများ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သူများကို ဆုများပေးအပ်ခဲ့ကြကြောင်းသိရသည်။

မြဝတီ



# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၇

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အားကစားဥယျာဉ်အတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုလာမည့် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုများဆွတ်ခူးနိုင်ပြီး အောင်မြင်မှုများရရှိနိုင်စေရန် ဂျပန်ဂျူဒိုနည်းပြဆရာတစ်ဦးကိုလည်း နိုင်ငံတော်အစီအစဉ်ဖြင့် နှစ်ရှည်ငှားရမ်း၍ မြန်မာဂျူဒိုအားကစားသမားများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ပဏာမလက်ရွေးစင် အားကစားသမားများနှင့် Judo In School အစီအစဉ်မှ ထွက်ပေါ်လာသည့် မျိုးဆက်သစ်အားကစားသမားလူငယ်များကိုစုပေါင်း၍ အတွေ့အကြုံများရရှိစေရန် နိုင်ငံတကာနှင့် ဒေသတွင်းဖိတ်ခေါ်ပြိုင်ပွဲများကိုလည်း စေလွှတ်၍ယှဉ်ပြိုင်စေလျက်ရှိကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်မှအားထားရမည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲများယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည်အားကစားဥယျာဉ်အတွင်းရှိဘောလုံးအားကစားကွင်း၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၊ တိုင်းဒေသကြီး စားပွဲတင်တင်းနစ်အားကစားရုံနှင့် အားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် Synthetic ပြေးလမ်းခင်းကျင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် အိမ်တိုင်ရာရောက် သွားရောက်ချီးမြှင့်ပေးအပ်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တာဝန်ရှိသူများနှင့်အတူ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ ကျန်းမာရေးအရ ကိုယ်တိုင်တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိသော ဘွဲ့ခံပုဂ္ဂိုလ်ထံ ယနေ့နံနက်ပိုင်းတွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို ကာယကံရှင်နေအိမ်သို့ သွားရောက်ချီးမြှင့်အပ်နှင်းသည်။



ဦးစွာ မရမ်းကုန်းမြို့နယ်နေ ဘွဲ့ခံပုဂ္ဂိုလ်၏နေအိမ်သို့သွားရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ပေးအပ်ချီးမြှင့်ရာ ဘွဲ့ခံပုဂ္ဂိုလ်ဖြစ်သည့် ဒေါ်ခင်စောနှင်းက လက်ခံရယူသည်။

ထို့နောက် ဒေါ်ခင်စောနှင်း မိသားစုက ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်(Olympic Day 2025) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို ဇွန်လ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC ခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားကာယဗလပြိုင်ပွဲ ကိုယ်အလေးချိန် up to 63 A၊ ကိုယ်အလေးချိန် up to 75 kg ၊ ကိုယ်အလေးချိန် up to a ke and over 80 k၊ အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသား Athletic Physique ပြိုင်ပွဲ (Open)၊ Sport Physique (Open)၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique ပြိုင်ပွဲ(Open)၊ အမျိုးသမီး Model Physique ပြိုင်ပွဲ(Open) ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကိုစိတ်ပါဝင်စားသည့် ပြိုင်ပွဲဝင်များသည် ဇွန်လ ၂၅ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းလွင် ဖုန်း ၀၉-၄၄၃၀၉၄၇၉၉ သို့ စာရင်းပေးသွင်းနိုင်ကြောင်း မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ သိရသည်။

ဝန်းရံခ

# ပွင့်ဖြူမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မသန်စွမ်းသူများအကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေး

ပွင့်ဖြူ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ မသန်စွမ်းသူများအကြောင်း သိကောင်းစရာအသိပညာပေးဆွေးနွေးပွဲကို ဇွန်လ ၁၆ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က ပြည်သူများ အသိအမြင်ဗဟုသုတများတိုးပွားစေရန်အတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပပေးရခြင်းနှင့် စာအုပ်စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်သန်းက မသန်စွမ်းသူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ မသန်စွမ်းသူများအတွက် ရေရှည်ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မသန်စွမ်းသူများ ပညာသင်ယူခွင့်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးမှုများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေများ၊ မသန်စွမ်းသူများဘဝ ရပ်တည်ရေးအတွက် အဓိကအရေးကြီးသည့် စိတ်ဓာတ်ခွန်အားများ၊ ပြည်သူများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည့် တာဝန်နှင့်ဝတ္တရားများကို အသိပညာပေးပြောကြားသည်။

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ အသိပညာဗဟုသုတများတိုးပွားစေရန်အတွက် ဆွေးနွေးပွဲများကို လစဉ်ကျင်းပလျက်ရှိပြီး ပြည်သူများအတွက် စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုလေ့လာနိုင်ရန် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# အိမ်မဲမြို့နယ်၌ စွန့်ပစ်အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်မှုအကြောင်း ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်



အိမ်မဲ ဇွန် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အခြေခံပညာအလယ်တန်းကျောင်း-ခွဲ (ညောင်ဝိုင်း)၌ စွန့်ပစ်အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်မှုအကြောင်း ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို ဇွန်လ ၁၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ အမှိုက်ပုံးလေးမျိုး ဖြစ်သော အမှိုက်စို (အဝါရောင်)၊ အမှိုက်ခြောက် (အဝါရောင်)၊ ဘေးအန္တရာယ်ရှိအမှိုက် (အနီရောင်)၊ ပလတ်စတစ်အမှိုက် (အပြာရောင်)စသည့် အရောင်ခွဲခြားမှုများနှင့် စွန့်ပစ်ရမည့်အမှိုက်အမျိုးအစားအကြောင်းတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျောင်းသား၊ ကျောင်းသူများအား စွန့်ပစ်အမှိုက်လေးမျိုးအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး အမှိုက်ပုံးလေးမျိုးထဲသို့ လက်တွေ့အမှိုက်စွန့်ပစ်ခြင်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

# တောင်သာမြို့နယ် ကျွန်းကြီး(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

တောင်သာ ဇွန် ၁၇


မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွန်းကြီး(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးပေးခြင်းကို ဇွန်လ ၁၇ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ထုတ်ချေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်း လက်စွဲစာစောင်ပါအချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရန်၊ ကျေးလက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကျေးရွာစိတ်ဓာတ်အကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က ကျွန်းကြီး(မ)ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် ၃၂၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကျွန်းကြီး(မ)ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးအတွက် ငွေကျပ် ၁၆၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးအတွက် ငွေကျပ် ၁၀၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးအတွက် ငွေကျပ် ၅၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးအတွက် ငွေကျပ် ၃၂၈ သိန်းကို အသင်းသားတစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချစ်ဦးကို




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မိုင်းယန်း | ၃၄.၂°C |
| ညောင်လေးပင် | ၃၄°C |
| မုံရွာ | ၃၄°C |
| ညောင်ဦး | ၃၃.၈°C |
| မြင်းမူ | ၃၃.၆°C |
| မန္တလေး | ၃၃.၅°C |
| ကျောက်ဆည် | ၃၃.၄°C |
| မင်းကင်း | ၃၃.၄°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဟုမ္မလင်း | (၄.၈၀)လက်မ |
| ကျိုက္ကမီ | (၃.၄၆)လက်မ |
| နေပြည်တော်(ဧဝယျာသီရိ) | (၃.၃၈)လက်မ |
| ပြည် | (၂.၉၉)လက်မ |
| ဟိုင်းကြီးကျွန်း | (၂.၇၂)လက်မ |
| သထုံ | (၂.၅၂)လက်မ |
| ပျဉ်းမနား | (၂.၄၈)လက်မ |
| စစ်တွေ | (၂.၄၀)လက်မ |
| နေပြည်တော်(ဒက္ခိဏသီရိ) | (၂.၀၄)လက်မ |
| မုဒုံ | (၁.၉၃)လက်မ |
| ကျိုက်မရော | (၁.၉၃)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ကျောက်ဆည်(လွန်ကျော်) | ၃၅°C |
| မြင်းခြံ | ၃၄.၂°C |
| ချောက် | ၃၄.၂°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၂ |
| ရှမ်း(မြောက်) | ၂၁ | ၃၀ |
| ရှမ်း(အရှေ့) | ၂၂ | ၃၂ |
| ရှမ်း(တောင်) | ၂၀ | ၂၆ |
| ချင်း | ၁၅ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၇ | ၃၄ |
| မကွေး | ၂၄ | ၃၂ |
| ရခိုင် | ၂၁ | ၂၈ |
| ပဲခူး | ၂၃ | ၃၂ |
| ရန်ကုန် | ၂၄ | ၃၁ |
| ဧရာဝတီ | ၂၃ | ၃၁ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၄ | ၃၀ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၄ | ၂၉ |

# နတ်မောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

နတ်မောက် ဇွန် ၁၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းဝေက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များဖြစ်လာစေရန် လေ့လာသင်ယူကြစေလိုကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမည့် အနာဂတ်မျိုးဆက်သစ်များအနေဖြင့် အသိဉာဏ်ပညာကိုဖြစ်စေမည့် စာအုပ်စာပေ၊ ဗဟုသုတများကို လေ့လာသင်ယူကြစေလိုကြောင်း၊ လူငယ်များအတွက် ပညာရေးသည် အဓိကရည်မှန်းချက်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာကိုကြိုးစားသင်ယူကြစေလိုကြောင်း အသိပညာပေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကိုကြည့်ရှုလေ့လာကြောင်း သိရသည်။

လှဝင်း

# ဆိုချီရှိ Russia Ethnopark ၌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၁၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ရုရှားတောင်ပိုင်း ဆိုချီမြို့တွင် ကမ္ဘာလုံးဆိုင်ရာ ဇီဝလုံခြုံမှုဆိုင်ရာစိန်ခေါ်မှုများ၊ ပြဿနာများနှင့် ဖြေရှင်းချက်များဆိုင်ရာ နိုင်ငံတကာသိပ္ပံနှင့်လက်တွေ့ကျသော ပဉ္စမအကြိမ်မြောက် ညီလာခံကို တက်ရောက်ခဲ့ပြီး ဇွန်လ ၁၁ ရက် ညနေပိုင်းတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ညီလာခံတက်ရောက်သူများအား လေ့လာရေးပို့ဆောင်ပေးသည့် My Russia Ethnopark ၌ အခြားသောနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ကြည့်ရှုလေ့လာသည်။

ဒုတိယဝန်ကြီးသည် အဆိုပါပန်းခြံရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒေသအလိုက်သမိုင်း၊ ယဉ်ကျေးမှုနှင့် လူမျိုးစုတို့၏ ထူးခြားသော လူနေမှုဘဝပုံစံများကို အဆောက်အအုံများ၊ ပလက်ဖောင်းများ၌ ကိုယ်စားပြုပုံစံငယ်များဖြင့် တည်ဆောက်ကာ ပြသထားသောကဏ္ဍ ၁၁ ခုတို့တွင် လေ့လာသည်။

ဒုတိယဝန်ကြီးသည် ကော့ကေးဆပ်ပြခန်းတွင်အလယ်ခေတ်ကာလနှောင်းပိုင်း ၁၇ ရာစုမှ ၁၈ ရာစုခန့်တွင် ဖွံ့ဖြိုးလာခဲ့သည့် အိုဆက်တီးယန်း ရိုးရာမျှော်စင်များ၏ ထူးခြားသောလက္ခဏာများနှင့် ရုရှားရိုးရာ လက်မှုပညာများဆိုင်ရာပြကွက်များ၊ Suzdal-ဗဟိုရုရှားဘုရားကျောင်းဆိုင်ရာ ပြကွက်များ၊ ရုရှားယဉ်ကျေးမှုနှင့် နိုင်ငံတည်ဆောက်ရေးအတွက် အရေးပါသောအစိတ်အပိုင်းဖြစ်ခဲ့သည့် စူဇ်ဒယ်မြို့ပြခန်း၊ ၁၆ ရာစု နည်းပညာသုံး ဖယောင်းတိုင်လုပ်ငန်းစဉ်များကို ပြသပေးထားသော Candle House Pavilion၊ ရုရှားအလယ်ပိုင်း Etnodvor ရှိ ရိုးရာလေးမြားပညာဆိုင်ရာပြကွက်၊ Krasnodar Territory ဒေသရှိ ကျေးရွာများဆိုင်ရာ ပြကွက်များ၊ မော်စကိုပြခန်းတွင် နာမည်ကြီး ကရင်မလင်နန်းတော်ဆိုင်ရာ ပြကွက်များ၊ ရုရှားမြောက်ပိုင်းပြခန်းတွင် သစ်သားဗိသုကာလက်ရာဆိုင်ရာ ပြကွက်များ၊ စိန့်ပီတာစဘတ်ပြခန်းရှိ အလှပဆုံး အဆောက်အအုံများဆိုင်ရာ ပြကွက်များ၊ ကာဇန် Kremlin ပြခန်း၊ ဆိုက်ဘီးရီးယားပြခန်းရှိ သစ်သားခံတပ်ငယ်လေးများနှင့် "Stone Heart of the Urals" ပြကွက်တွင် မီဆိုဇိုးအိုက်ကာလမှ Chelyabinsk ဥက္ကာခဲအထိ ရှားပါးသတ္တုများ၊ ကျောက်ဖြင့်ပြုလုပ်ထားသော လက်ရာများကို ပြသထားမှုများ၊ ဘူရေးရှား ဗုဒ္ဓဘုရားကျောင်းရှိ ၁၇၄၁ ခုနှစ်တွင် ဧကရီ Elizabeth Petrovna က “လားမားဘာသာ”(Lamai) ကို အသိအမှတ်ပြုသည့် အတည်ပြုချက်ထုတ်ပြန်ခဲ့ပြီး ဒတ်ဆန် (ဘုန်းကြီးကျောင်း) ၁၁ ကျောင်းနှင့်လားမား (ရဟန်း) ၁၅၀ ကို ခန့်ထားခဲ့သည့် အချိန်မှစ၍ ဗုဒ္ဓဘာသာသည် ရုရှားအင်ပါယာ၏ တရားဝင်ဘာသာတစ်ခုအဖြစ် အသိအမှတ်ပြုခံခဲ့ရသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ ဆိုင်ရာပြကွက်များနှင့် ဗဟိုရင်ပြင်ရှိပြကွက်များကို ကြည့်ရှုလေ့လာသည်။

အဆိုပါပန်းခြံသည် ဆိုချီရှိ Krasnaya Polyana ဒေသ၊ Esto-Sadka ရှိ Mzymta မြစ်၏ လက်ဝဲဘက်ကမ်းဘေးတစ်လျှောက်တွင် Rosa Khutor အပန်းဖြေစခန်းအထက်ဘက်တွင်တည်ရှိပြီး နယ်မြေအကျယ်အဝန်း ဟက်တာ ၃ ဒသမ ၃ ပေါ်တွင် ရုရှားရိုးရာယဉ်ကျေးမှုနှင့် လူမျိုးစုဗဟိုဌာနဆိုင်ရာ လေ့လာရေးအတွက် လမ်းလျှောက်သီးသန့်ဇုန်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

■ **ရှေ့ဖုံးမှအဆက်**

ထို့ပြင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများနှင့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပြီး စပါးအထွက်နှုန်းတိုးတက်စေရေး၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ အချိန်ကိုက်အချိုးကျ ထည့်သွင်းနိုင်ရေး၊ စပါးဖျက်ပိုးအန္တရာယ် စနစ်တကျကာကွယ်နှိမ်နင်းရေးတို့အတွက် တောင်သူအသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးနဲမြို့နယ်၌ မိုးစပါးကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသာမက နိုင်ငံအတွင်းပါ ဆန်စားသုံးမှုဖူလုံစေမည့်အပြင် ဆန်ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုမည်ဖြစ်ကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## OLYMPIC DAY အထိမ်းအမှတ် အမျိုးသား/အမျိုးသမီး (မီတာ-၄၈၀၀ အုပ်စုတစ်ဦးချင်း)စက်ဘီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှဦးစီးကျင်းပမည့် ၂၀၂၅ ခုနှစ် OLYMPIC DAY အထိမ်းအမှတ် အမျိုးသား/အမျိုးသမီး(မီတာ-၄၈၀၀ အုပ်စုတစ်ဦးချင်း)စက်ဘီးပြိုင်ပွဲကို ဇွန်လ ၂၂ ရက် နံနက် ၇ နာရီတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ စက်ဘီးကွင်း၌ကျင်းပမည်ဖြစ်သည်။



အဆိုပါပြိုင်ပွဲကို Cog wheel/Free wheel မည်သည့်ပြိုင်စက်ဘီးနှင့်မဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်သူတိုင်း စက်ဘီးစီးဦးထုပ်ပါရှိရန်နှင့် အချွန်အတက်ပါသောပစ္စည်းများတပ်ဆင်ခြင်းနှင့်ကွဲရှစေနိုင်သောအသုံးအဆောင်ပစ္စည်းများ တပ်ဆင်စီးနင်းခြင်းခွင့်ပြုမည်မဟုတ်ကြောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆု ငွေသားနှင့်ဆွဲပြား၊ ဒုတိယဆု ငွေသားနှင့်ဆွဲပြား၊ တတိယဆု ငွေသားနှင့်ဆွဲပြား၊ စတုတ္ထ ဆုငွေသားနှင့်ဆွဲပြား၊ ပဉ္စမဆု ငွေသားနှင့် ဆွဲပြားချီးမြှင့်မည်ဖြစ်ကြောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆု ငွေသားနှင့်ဆွဲပြား၊ ဒုတိယဆု ငွေသားနှင့်ဆွဲပြား၊ တတိယဆု ငွေသားနှင့်ဆွဲပြားချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကျင်းပမည့်နေ့တွင် စာရင်းပေးသွင်း၍လည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၉၆၀ | ၂၉၃၀ | ၂၈၆၅ | ၂၉၇၀ | ၂၉၈၅ | ၃၀၀၀ | ၂၉၂၀ | ၄၅၀၅ | ၃၂၁၅ | ၂၉၃၅ | ၂၉၄၀ | ၃၀၁၀ | ၂၉၇၅ | ၂၉၉၅ | ၃၂၅၀ |
| 95 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၈၅ | ၄၅၆၀ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၀ | ၃၃၂၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၅၂၅ | ၂၄၉၀ | ၂၄၂၅ | ၂၅၃၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၈၀ | - | ၂၇၇၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၅၅ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၈၄ | ၂၇၇၁ |
| 95 Ron | ၂၇၄၉ | ၂၈၃၇ |
| HSD (500 ppm) | ၂၂၅၉ | ၂၃၃၄ |
| HSD (50 ppm) | ၂၈၂၁ | ၂၉၀၇ |
| HSD (10 ppm) | ၂၈၂၁ | ၂၉၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လိုက်ချီးသီးနှင့်ကျန်းမာရေး



လိုက်ချီးပင်ကို အင်္ဂလိပ်အမည် Litchi သို့မဟုတ် Lychee ဟုခေါ်သည်။ ရုက္ခဗေဒအခေါ် Litchi chinensis ဖြစ်၍ Sapindaceae မျိုးရင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ လိုက်ချီးသီး၊ လိုင်ချီးသီးဟုခေါ်ကြသည်။ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၊ မြစ်ကြီးနားမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်နှင့် သီပေါမြို့နယ်တို့၌ အများဆုံး စိုက်ပျိုးကြသည်။ သိန်းနီမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် လိုက်ချီးပင်များကို လူနေခြံဝင်းများနှင့် ဥယျာဉ်ခြံများ၌ စိုက်ပျိုးကြသည်။

လိုက်ချီးသီးကို လတ်လတ်ဆတ်ဆတ် အဆာပြေသစ်သီးအဖြစ် စားသုံးကြသကဲ့သို့ ရေခဲမုန့်၊ ကျောက်ကျော၊ ဂျယ်လီ၊ ယို၊ ဖျော်ရည်၊ သကြားလုံး၊ ပီကေ၊ လိုက်ချီးသီးသံဘူး၊ လိုက်ချီးသီးခြောက် စသည်ဖြင့် စားသုံးကြသည်။ လတ်ဆတ်သောလိုက်ချီးသီးများကို အခန်းအပူချိန်တွင်ထားပါက ငါးရက်ခန့်ခံသည်။ လိုက်ချီးသီးကိုကြာကြာခံစေရန် ရေခဲသေတ္တာထဲထည့်သိမ်းပါက နှစ်ရက်ခန့်အကြာတွင် အညိုရောင်ပြောင်းသွားတတ်သည်။ အရောင်ပြောင်းသော်လည်း အနံ့၊ အရသာပျက်စီးမှုမရှိသဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်သည်။ ပြည်ပနိုင်ငံများ၌ ခေတ်မီတိုးတက်သောနည်းပညာများဖြင့် လိုက်ချီးသီးမှ ရေမွှေး၊ ဆပ်ပြာ၊ ဂျယ်လ်၊ Lotion၊ ပေါင်ဒါ စသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ကြသည်။

**ဆေးဖက်ဝင်လိုက်ချီးသီး**

လိုက်ချီးသီးတွင် လူသားတို့ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် အာဟာရဓာတ်မြောက်မြားစွာပါရှိသည်။ ၁၉၀ ဂရမ် အလေးချိန်ရှိသော လိုက်ချီးသီးတစ်ခွက်စာပမာဏထဲတွင် Methionine သည် ဒသမ ၀၁၇ ဂရမ်၊ လိုင်ဆင်း သည် ဒသမ ၀၇၈ ဂရမ်၊ Tryptophan သည် ဒသမ ၀၁၃ ဂရမ်၊ polyunsaturated ဖက်တီးအက်စစ် သည် ဒသမ ၂၅၁ ဂရမ်၊ monounsaturated ဖက်တီးအက်စစ် သည် ဒသမ ၂၂၈ ဂရမ်၊ ဗီတာမင် K သည် ဒသမ ၈ မိုက်ခရိုဂရမ်၊ ဗီတာမင် E သည် ဒသမ ၁၃ မီလီဂရမ်၊ ချိုလင်း ၁၃ ဒသမ ၅ မီလီဂရမ်၊ ဖောလိတ် ၂၇ မိုက်ခရိုဂရမ်၊ ဗီတာမင် B ၆၀ ဒသမ ၁၉ မီလီဂရမ်၊ နီအာစင်း ၁ ဒသမ ၁၄၆ မီလီဂရမ်၊ ခွန်အား ၁၂၅ ကယ်လိုရီ၊ ရေဓာတ် ၁၅၅ ဒသမ ၃၄ ဂရမ်၊ ပရိုတင်း ၁ ဒသမ ၅၈ ဂရမ်၊ Ash သည် ဒသမ ၈၄ ဂရမ်၊ lipid သည် ဒသမ ၈၄ ဂရမ်၊ ကစီဓာတ် ၃၁ ဒသမ ၄၁ ဂရမ်၊ သကြားဓာတ် ၂၈ ဒသမ ၉၄ ဂရမ်၊ ချေဖျက်လွယ်သောအမျှင်ဓာတ် ၂ ဒသမ ၅ ဂရမ်၊ ကယ်လ်စီယမ် ၁၀ မီလီဂရမ်၊ မဂ္ဂနီစီယမ် ၁၉ မီလီဂရမ်၊ သံဓာတ် သည် ဒသမ ၅၉ မီလီဂရမ်၊ ရီဘိုဖလာဗင် သည် ဒသမ ၁၂၄ မီလီဂရမ်၊ သီအာမင် သည် ဒသမ ၀၁၂ မီလီဂရမ်၊ ဗီတာမင် C ၁၃၅ ဒသမ ၉ မီလီဂရမ်၊ စီလီနီယမ် ၁ ဒသမ ၁ မိုက်ခရိုဂရမ်၊ မဂ္ဂနိစ် သည် ဒသမ ၁၀၅ မီလီဂရမ်၊ Copper သည် ဒသမ ၂၈၁ မီလီဂရမ်၊ ဇင့် သည် ဒသမ ၁၃ မီလီဂရမ်၊ ဆိုဒီယမ် ၂ မီလီဂရမ်၊ ပိုတက်ဆီယမ် ၃၂၅ မီလီဂရမ်၊ ဖော့စဖရပ်စ် ၅၉ မီလီဂရမ်နှင့် မဂ္ဂနီစီယမ် ၁၉ မီလီဂရမ် အသီးသီးပါရှိသည်။ လိုက်ချီးသီး၏ကောင်းကျိုးများမှာ

- လိုက်ချီးသီးသည် ခန္ဓာကိုယ်အတွက် ခွန်အားများကို တိုးပွားစေနိုင်ပြီး ကိုယ်ခံစွမ်းအားတိုးတက်မြင့်မားစေသည်။
- ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်နေသော ရေဓာတ်ကိုလည်း ဖြည့်တင်းပေးနိုင်သည်။
- လိုက်ချီးသီးထဲတွင် Citrus အက်စစ်ကဲ့သို့သော ဗီတာမင် C ၄၀ ရာခိုင်နှုန်းခန့်ပါရှိရာ လိမ္မော်သီးထဲတွင်ပါဝင်မှုပမာဏထက် ပိုများသည်။ ထို့ကြောင့် ခန္ဓာကိုယ်တွင်း ကောင်းကျိုးမပြုသော Free Radical များကို တိုက်ထုတ်ပေးနိုင်သည်။ အကျိုးဆက်အနေဖြင့် ကုသရန်ခက်ခဲသော ကင်ဆာရောဂါများအတွက် လိုက်ချီးသီးက ကောင်းကျိုးပြုသည်။
- အမေရိကန်ပြည်ထောင်စုရှိ National Institutes of Health (NIH) ၏ သုတေသနပြုချက်အရ လိုက်ချီးသီးက ကင်ဆာဆဲလ်များကြီးထွားလာမှုကို ဟန့်တားပေးနိုင်ကြောင်း၊ အထူးသဖြင့် ရင်သားကင်ဆာဖြစ်ပေါ်ခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း လေ့လာသိရှိရသည်။
- လိုက်ချီးသီးထဲတွင်ပါဝင်သော ဘီတာကယ်ရိုတင်းပမာဏသည် မုန်လာဥနီထက်ပိုများသည်။
- လိုက်ချီးသီးသည် အစာကြေစေပြီး ဆီးရွှင်စေသည်။
- လိုက်ချီးသီးတစ်ခွက်စာပမာဏထဲတွင် ပါရှိသော ပိုတက်ဆီယမ်သည် လိမ္မော်သီးအသေးတစ်လုံးထဲတွင်ပါရှိမှုထက်ပိုသည်။ ပိုတက်ဆီယမ်ဓာတ်သည် ခန္ဓာကိုယ်အတွက် အရေးပါသောသတ္တုဓာတ်ဖြစ်ပြီး သွေးဖိအားနှင့် နှလုံးခုန်နှုန်းတို့ကို ဟန်ချက်ညီညီထိန်းချုပ်ပေးနိုင်သည်။ သွေးခဲခြင်း၊ ဆဲလ်များပျက်စီးခြင်းမှ ကြိုတင်ကာကွယ်ပေးနိုင်သည်။ ထို့ပြင် နှလုံးကိုပုံမှန်ခုန်စေပြီး နှလုံးကြွက်သားများ ကျုံ့ခြင်း၊ ချဲ့ခြင်းနှင့် နှလုံးသွေးကြောများ လည်ပတ်စီးဆင်းမှုတို့ကို ကောင်းစွာအထောက်အပံ့ပေးသည်။ နှလုံးရောဂါဝေဒနာအမျိုးမျိုးတို့ကို သက်သာစေရုံသာမက နှလုံးရောဂါဝေဒနာရှင်များကိုလည်း လေဖြတ်ခြင်းမှ ၅၀ ရာခိုင်နှုန်း သက်သာလျော့နည်းစေနိုင်သည်။
- လိုက်ချီးသီးတွင် Copper ဓာတ်များ အလုံအလောက်ပါရှိခြင်းကြောင့် သွေးနီဥများကို ထုတ်လုပ်ပေးနိုင်သဖြင့် သွေးအားကောင်းစေသည့်အပြင် ခွန်အားတိုးပွားစေနိုင်သောကြောင့် သွေးအားနည်းသူများနှင့် သက်ကြီးရွယ်အိုများ စားသုံးသင့်သည်။
- ခန္ဓာကိုယ်အတွက်လိုအပ်သော အမျှင်ဓာတ်နှင့် ကစီဓာတ်တို့ကြွယ်ဝစွာပါရှိသည်။
- လိုက်ချီးသီးတွင် ကယ်လ်စီယမ်၊ ဖော့စဖရပ်စ်နှင့်မဂ္ဂနီစီယမ် စသည့်သတ္တုဓာတ်များပါရှိသောကြောင့် အရိုးနှင့်သွားများကြီးထွားမှုအတွက် အလွန်အရေးပါသဖြင့် ကလေးငယ်များကို လိုက်ချီးသီးကျွေးသင့်သည်။
- မိုးရာသီကာလတွင် ဖြစ်လေ့ရှိသော အအေးမိနှာစေး၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း စသည့်ရောဂါများအတွက် လိုက်ချီးသီးက အစွမ်းထက်သည်။ ဖျားနာနေသောသူများလည်း လိုက်ချီးသီးစားပေးခြင်းဖြင့် ဝေဒနာသက်သာစေနိုင်သည်။
- လိုက်ချီးသီးစားသုံးခြင်းက နာကျင်မှုကိုလျော့ကျစေပြီး ဂလင်းများရောင်ရမ်းမှုကို သက်သာစေနိုင်သည်။
- လိုက်ချီးသီးသည် အရသာချိုမြိန်သော်လည်း ယင်းထဲတွင်ပါရှိသော သကြားဓာတ်က သဘာဝသကြားဓာတ်ဖြစ်သည်။ ကယ်လိုရီပါဝင်မှုနည်းပြီး လူကိုဘေးဖြစ်စေတတ်သော ပြည့်ဝဆီနှင့် ကိုလက်စထရောလုံးဝမပါရှိသည့်အပြင် ကြေညက်လွယ်သော အမျှင်ဓာတ်များ ကြွယ်ဝစွာပါရှိသည့်အတွက် ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများအနေဖြင့် စိတ်ကြိုက်စားသုံးနိုင်သည်။ ကိုယ်အလေးချိန်ကျဆင်းမှုကိုလည်း အထောက်အပံ့ဖြစ်စေသည်။
- လိုက်ချီးသီးစားသုံးခြင်းကြောင့် အသားအရေကိုလှပစေပြီး မျက်နှာပေါ်ရှိ အစက်အပြောက်များကို သက်သာစေနိုင်သည်။
- ဖက်ခွက်နာ၊ ပြည်တည်နာ စသော ကိုယ်တွင်းကိုယ်ပအနာများကို ကာကွယ်ပေးနိုင်သည်။
- အစာအိမ်ရောင်ရမ်းနာဝေဒနာအတွက် လိုက်ချီးသီးက အလွန်ကောင်းကျိုးပြုသည်။
- လိုက်ချီးသီးထဲတွင် တခြားအသီးများနှင့်မတူ Oligonol(ခေါ်) ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးပါရှိနေသည့်အတွက် မိုးရာသီကာလ တုပ်ကွေးဗိုင်းရပ်စ်ပိုးများကို တွန်းလှန်ပေးနိုင်သည်။ ထို့ပြင် ခန္ဓာကိုယ်ထဲရှိ အင်္ဂါအဖွဲ့အစည်းများထဲတွင် သွေးလည်ပတ်စီးဆင်းမှုကိုလည်း တိုးတက်ကောင်းမွန်စေသည်။
- ဂျပန်နိုင်ငံရှိ Kyorin University က အရေပြားပေါ်တွင် ခရမ်းလွန်ရောင်ခြည်သက်ရောက်မှုကို လိုက်ချီးသီးစားခြင်းဖြင့် ကာကွယ်ပေးနိုင်ကြောင်း အကြံပြုထားသည်။
- လိုက်ချီးသီးသည် သီအာမင်၊ နီအာစင်းနှင့် ဖောလိတ် စသည့် ဗီတာမင် B ဓာတ်ပေါင်းစုတို့ စုဝေးရာ သဘာဝအရင်းအမြစ်ဖြစ်သောကြောင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်ပျက်မှုအလုံးစုံကို အထောက်အပံ့ဖြစ်စေသည်။
- အရွယ်တင်နုပျိုစေရန်နှင့် အသက်ရှည်စေရန် လိုက်ချီးသီးကို တရုတ်ရိုးရာတိုင်းရင်းဆေးဝါးကုထုံးများတွင် အသုံးပြုလေ့ရှိသည်။

လိုက်ချီးသီးတွင် လူသားတို့ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးလုံးဝမရှိပေ။ သို့သော် အမှည့်လွန်အသီးများတွင် အချဉ်ဓာတ်ပေါက်သည့်အရသာရှိ၍ လတ်ဆတ်သောအသီးများကိုသာ စားသုံးသင့်သည်။ အစာမရှိဘဲ လိုက်ချီးသီးစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတကာဆေးသိပ္ပံပညာရှင်များက လိုက်ချီးသီး၏ ဆေးဖက်ဝင်ပုံများကို ရှုထောင့်အမျိုးမျိုးမှ လေ့လာစမ်းသပ်ကာ အသေးစိတ်ဖော်ထုတ်နိုင်ခဲ့ကြသည်။ ထို့ကြောင့် ယခုကဲ့သို့ မိုးရာသီတွင်ပေါ်သည့် လိုက်ချီးသီးကို လတ်လတ်ဆတ်ဆတ်ရွေးချယ်၍ အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသုံးနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

# ဇီးကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မိုးကြိုးအန္တရာယ်အသိပညာပေးဟောပြော



ဇီးကုန်း ဇွန် ၁၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ မိုးကြိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၇ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယမင်းသန့်က မိုးကြိုးအန္တရာယ်ဖြစ်ပေါ်တတ်သည့် အခြေအနေများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်ဦး ဦးဆောင်၍ မိုးကြိုးဘေးအန္တရာယ်ကျရောက်လာပါက လယ်ယာ၊ ချောင်း၊ မြောင်း၊ အင်း စသည့်နေရာတို့တွင် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူများ ကွင်းပြင်၊ ရေပြင်တို့၌ မနေဘဲ အဆောက်အအုံများသို့ အမြန်ဆုံးခိုဝင်ခြင်း၊ နိမ့်သောနေရာများ၌ ဝပ်၍နေခြင်း၊ ကွင်းပြင်၌ လူစုလူဝေးနှင့်ဖြစ်နေပါက သီးခြားစီဖြန့်ခွဲ၍နေခြင်း၊ ကွင်းပြင်၌ရောက်ရှိနေပါက ဆောင့်ကြောင့်ထိုင်၍ ဒူးနှစ်ဖက်ပေါ်လက်တင်ခေါင်းငုံ့ထားရန်နှင့် အရေးပေါ်အသက်ကယ်ဆယ်ရေးဆောင်ရွက်ခြင်းတို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

## အလှဆုံးနှလုံးသား

❖ စိုစိုရောင်နီ၊ ငှက်စိုးစီ၍
အောက်အီတွန်ကြ၊ နေ့သစ်စသော် . . .
လောကသက်ဝင်၊ အလှဆင်ပြီ
ကြည့်လျှင်မြင်ရ၊ ထိုအလှ။
နိုင်ငံအနှံ့ ရှိသည်ပဲ့။

❖ မိုးတွင်မရပ်၊ နွေပါထပ်၏
မပြတ်ဖြည့်နေ၊ ကျည်ပြည့်စေဟု
စေတနာမှန်၊ လုံ့လသန်စွ
ပိုလျှံမောက်ဖြိုး၊ ဘဏ္ဍာတိုးအောင်
အကျိုးမြော်မြင်၊ **ထမင်းရှင်**တို့
နှင်တံကိုဆဲ၊ စက်ကိုသ၍
ထွန်ကြမောင်းကြ ပါလေပြီ။

❖ ကောင်းကင်မိုးလုံ၊ မီးခိုးဖုံးမျှ
ဂျုံးဂျုံးသံမြည်၊ စက်တို့လည်၏
ရည်မှီထုတ်ကုန်၊ တောင်သို့ပုံစေ
ဖူလုံပြီးက၊ ပို့ကုန်ရလိမ့်
တွက်ဆမြော်မြင်၊ **စွမ်းအားရှင်**တို့
အလျဉ်မပြတ်၊ မခိုကပ်ဘဲ
ပေးအပ်လုပ်အား စုံစုံညီ။

❖ ဖြူစိမ်းရောင်စုံ၊ သင်းပျံ့ထုံလျက်
ပန်းရုံများစွာ၊ ဖူးပွင့်လာခဲ့
ဝေဆာပြည့်လျှမ်း၊ ပန်းတို့လန်းမှ
တိုင်းကားပြည်ရွာ၊ တင့်မည်သာတည့်
ကောင်းစွာပြုပြင်၊ ပေါင်ကိုသင်၍
မြော်မြင်အထူး၊ **ဥယျာဉ်မှူး**တို့
တူးဆွစိုက်ပျိုး ကြလေပြီ။

❖ ကွန်ပျူတာသံ၊ ခြောက်ခြောက်ညံ၍
စုန်ဆန်ထက်အောက်၊ စာတွဲရောက်ခဲ့
တောက်လျှောက်မနား၊ ယန္တရားတွင်
စက်သွားတစ်ခု၊ ပုံနှိပ်ပြုဖွယ်
ရုံးမှုရုံးတာ၊ အရေးပါစွ
**ဉာဏလုပ်သား**၊ ကလောင်သွားလည်း
လှုပ်ရှားသွက်လက် ထက်မြက်ပြီ။

❖ လေပြည်သွေးသွေး၊ ပန်းမွေးမွေးနှင့်
စမ်းအေးအေးတွင်၊ **ဖန်ဆင်းရှင်**တို့
ဝိညာဉ်လိပ်ပြာ၊ စိတ်အစာကျွေး
လက်ရာရသ၊ ပြောင်မြောက်စွတည့်
ရင်မှခံစား၊ သူ့ကိုယ်ပွားကို
မွေးဖွားခဲ့ပေ၊ ခံစားစေဟု
ဖျော်ဖြေတင်ဆက် ကြလေပြီ။

❖ အနာရောဂါ၊ ဝေဒနာများ
ပိန်းကြာထက်ရေ၊ လျှောသက်စေသို့
နေလောင်သည့်ပန်း၊ ရေထိလန်းသို့
ကျန်းမာစေမှု၊ ဆန္ဒပြု၍
**ကရုဏာရှင်၊ မေတ္တာရှင်**တို့
ကြင်နာလက်ကမ်း၊ ပညာစွမ်းဖြင့်
ကျွမ်းကျင်ကုသ ကြလေပြီ။

❖ . . . သို့လျှင် အလှ၊ တွေ့မြင်ရ၍
လင်းစမှသည်၊ ချုပ်ညရီထိ
ကိုယ်စီဝန်ထမ်း၊ ကိုယ့်အခန်းဝယ်
ကိုယ်စွမ်းကိုယ်စ၊ ပြနိုင်ကြသည်
အလှဝေဖြာ ပြည်မြန်မာ။

❖ သည်အလှတွေ၊ ပြည်လုံးဝေအောင်
ဝေးမြေနယ်ခြား၊ ရန်စွယ်ကြားမှာ
နေစားဆင်းရဲ၊ အိမ်နှင့်ခွဲလျက်
ပွဲပေါင်းများစွာ၊ ဆင်နွှဲလာခဲ့
ဘယ်မှာကိုယ်ကျိုး၊ သူမျှော်ကိုးလိမ့်
ဘိုးဘွားမွေနှစ်၊ သက်ပေးချစ်သော
**စစ်သည့်**နှလုံး၊ အလှဆုံး။
ဘယ်သူပြိုင်လို့ ရမှာတုန်း။ ။
(စစ်သည်တော်များကို ဂုဏ်ပြုလျက်)

ကို(တက္ကသိုလ်)

## တောင်ငူခရိုင်အတွင်း မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေအိမ်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများဆောက်လုပ်ရန် ပံ့ပိုးငွေပေးအပ်

တောင်ငူ ဇွန် ၁၇

တောင်ငူမြို့ ခပေါင်းခန်းမ၌ ဇွန်လ ၁၆ ရက် နံနက်ပိုင်းတွင် တောင်ငူခရိုင်အတွင်း မြေငလျင်ဒဏ်ကြောင့် နေအိမ်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ အတွက် ပံ့ပိုးငွေပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပံ့ပိုးငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများက ပျက်စီးခဲ့သည့် နေအိမ်နှင့် ဘာသာရေးဆိုင်ရာအဆောက် အအုံများအတွက် တာဝန်ရှိသူများထံ ပံ့ပိုး ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများက လျောင်ဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးစကားပြောကြားသည်။




ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်ငူမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာရှိ ရှေးဟောင်း သမိုင်းဝင် လောကမာရဇိန်နန်းတော်ဦး စေတီတော်မြတ်ကြီးအား ဘက်စုံပြန်လည် ပြုပြင်မွမ်းမံနေမှုအား ကြည့်ရှုစစ်ဆေးပြီး ရှေးမူလက်ရာမပျက် ပြန်လည်တည် ဆောက်ရန်၊ တည်ဆောက်ရာတွင် ငလျင် ဘေးဒဏ်ခံနိုင်စေရေး အဓိကထား တည်ဆောက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး သတိထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ကျိုက်ထို ဇွန် ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှ (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲ သုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက် ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲအား ဇွန်လ ၁၆ ရက် နံနက် ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျိုက်ထိုမြို့နယ်ပညာရေးမှူး ဦးမောင်ညိုက အဖွင့်အမှာစကားပြောကြား ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာဦးက မူခင်းကျဆင်းရေးအသိပညာပေးအားလည်း ကောင်း၊ အမှတ်(၆၂) မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်စောထင်လင်း က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အသိ ပညာပေးအားလည်းကောင်း၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်နိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိ ပညာပေးအားလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မူခင်းအသိပညာပေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိ ပညာပေးခြင်းများနှင့် ပတ်သက်သည့် မေးခွန်းများအားမေးမြန်းရာ ဖြေဆိုနိုင် သည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဓာတ်ပုံမှတ်တမ်းများပြသ၍ လက်ကမ်း စာစောင်များ ဖြန့်ဝေပေးကြောင်း သိရ သည်။ (၄၀၆)

### မြဝတီရုပ်မြင်သံကြားအစီအစဉ် (၁၈-၆-၂၀၂၅ (ဗုဒ္ဓဟူးနေ့))

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | | မေတ္တာပို့ |
| ၃။ | | ကိုယ်လက်လှုပ်ရှား အားကစား |
| ၄။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၅။ | ၁၀:၀၀ | သီချင်းလက်ဆောင် |
| ၆။ | ၁၁:၀၀ | Sport Review |
| ၇။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၈။ | | ပန်းတို့၏အလှတရား |
| ၉။ | ၁၃:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း သုံးသပ်ချက် |
| ၁၀။ | ၁၄:၀၀ | Sharing Knowledge |
| ၁၁။ | ၁၅:၀၀ | Myanmar Traditional Food |

### MWD Education, Knowledge & Sports Channel (၁၈-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့))

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၂၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၈:၂၆ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၈:၂၆ – ၁၉:၂၂ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၉:၂၂ – ၂၀:၂၅ | Grade – 7 | သမိုင်း၊ သိပ္ပံ |

# ကြံခင်းမြို့၌ ၂၀၂၅- ၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းတိုးစေရေး ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးသရုပ်ပြသ

ကြံခင်း ဇွန် ၁၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွာသစ်ရပ်ကွက်ရှိ တောင်သူ ဦးမျိုးသန်း၏ လယ်မြေသုံးဧက၌ ၂၀၂၅- ၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းတိုးစေရေး ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးသရုပ်ပြသခြင်းကို ဇွန်လ ၁၆ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစတိုင်းသာတို့က တောင်သူများအား ပေါင်ပျိုးစနစ်စိုက်ပျိုးခြင်းဖြင့် မျိုးစပါးလေလွင့်မှုမရှိခြင်း၊ ပျိုးပင်များအား ကောက်စိုက်သမများဖြင့်စိုက်ပျိုးခြင်းသည် စနစ်တကျရှိခြင်း၊ အရည်အသွေးကောင်းမျိုးစေ့များစိုက်ပျိုးခြင်းဖြင့် မျိုး၏ကောင်းမွန်သောမူလဗီဇအရည်အသွေးကို ထိန်းသိမ်းထားနိုင်ခြင်း၊ အပင်ပေါက်နှုန်းကောင်းမွန်ညီညာ၍ ကြီးထွားမှုမြန်ဆန်ခြင်း၊ ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ်ကို ပိုမိုခံနိုင်ရည်ရှိခြင်း စသည်တို့ကို အသိပညာပေးပြောကြားသည်။



ဆက်လက်၍ တောင်သူ ဦးမျိုးသန်း၏ လယ်မြေသုံးဧက၌ ရောမင်းစပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုနှင့် လယ်မြေထွန်ယက်နေမှုတို့ကို မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝဘေး အန္တရာယ်အကြောင်း အသိပညာပေးဟောပြော

မင်းလှ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့နှင့်ပူးပေါင်း၍ မီးခိုးမြူငွေ့နှင့်သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းကို သံပုရာကန်ကျေးရွာ၌ ဇွန်လ ၁၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမျိုးသူက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေး၊ လျှင်ဘေး စသည့် ဘေးအန္တရာယ်များအကြောင်းနှင့် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သရက်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့က မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့် အကြောင်းများ၊ မီးခိုးမြူငွေ့တွင်ပါဝင်သောအရာများ၊ တောမီးလောင်မှုနှင့် မီးခိုးမြူငွေ့အကြောင်းအရာစသည်တို့ကို ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ချိုလေး**

# စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ)သင်တန်း ဖွင့်လှစ်



မြိတ် ဇွန် ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ရှိ ခရိုင်မီးသတ်ဦးစီးဌာနခန်းမ၌ မီးသတ်တပ်ဖွဲ့၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် စက်လှေမောင်းအဖြစ် တာဝန်ထမ်းဆောင်နေကြသည့်တပ်ဖွဲ့ဝင်များအား စက်လှေမောင်းနှင်မှု ပိုမိုကျွမ်းကျင်စေရန်နှင့် ပြည်သူလူထုအား ထိရောက်စွာကူညီပေးနိုင်စေရန် စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ) သင်တန်းအမှတ်စဉ် (၅/၂၀၂၅)ဖွင့်ပွဲကို ဇွန်လ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇင်ထွန်းက အမှာစကားပြောကြားသည်။ ယင်းသင်တန်းကို မြိတ်ခရိုင်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာနတွင် အသုံးပြုလျက်ရှိသည့် ရှာဖွေကယ်ဆယ်ရေး ရေယာဉ်အမျိုးမျိုး ကိုင်တွယ်မောင်းနှင်ရာတွင် ရေယာဉ်မောင်းသူတစ်ဦးအနေဖြင့် ရေယာဉ်ပွဲထိန်းမှုစနစ်သဘောတရားများအား နားလည်သိရှိပြီး ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေပြင်မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် စက်လှေများကို ကျွမ်းကျင်စွာ မောင်းနှင်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ယင်းသင်တန်းတွင် လက်တွေ့ရေယာဉ်မောင်းနှင်ခြင်း၊ စက်လှေတစ်စင်း၏ အခြေခံဖြစ်သော အလုပ်လုပ်ကိုင်ပုံ၊ အင်ဂျင်အမျိုးအစားနှင့် အဓိကအစိတ်အပိုင်းများ၊ ဆီထောက်ပံ့မှုစနစ်များ၊ ပွဲထိန်းစနစ်အလုပ်လုပ်ပုံ၊ မီးငြိမ်းသတ်ရေးအတွက် ရေစုပ်ရေပက်ခြင်း သင်ခန်းစာများ၊ စက်လှေနှင့်သက်ဆိုင်သော သင်ခန်းစာများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် စက်လှေမောင်းများအနေဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်းအဆင့်ဆင့်များကို ပိုမိုကျွမ်းကျင်အောင် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးမည်

ဝါးခယ်မ ဇွန် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ စပါး ၂၁၃၂၁၆ ဧကကို ယခုနှစ် ဇွန်လတတိယပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

''လက်ရှိ စပါးတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် စတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်''ဟုဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ မိုးစပါးများလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW–11 ၊ GW–1 စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် အဓိကထားစိုက်ပျိုးမည်ဖြစ်ကြောင်း၊ မိုးစပါးကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းအပြင် နိုင်ငံအတွင်းပါ



ဆန်စားသုံးမှုဖူလုံစေရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကာ ဆန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပြဿဒ်စေတီတော် တတိယပစ္စယာအထက်ကွန်းတောင်လိုဏ်ဂူအတွင်းမှ ထပ်မံတွေ့ရှိရသော ဆင်းတုတော်များကိုကြည့်ရှုစဉ်။

နေပြည်တော် ဇွန် ၁၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်နှင့် မဟာစေတီတော်တို့ရှိ သာသနိကအဆောက်အအုံများ၌ အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ စေတီပုထိုးများ၊ ကျောင်းတိုက်များနှင့် သီလရှင်စာသင်တိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုများကိုကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များပေးအပ်သည်။

ယင်းနောက် စစ်ကိုင်းမြို့အတွင်းရှိငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံများအား လူအင်အားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာရှိ မဟာသကျရုံသီကျောက်တော်ကြီးမြတ်စွာဘုရား၌ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှု၊ ပြဿဒ်စေတီတော်တတိယပစ္စယာအထက် ကွန်းတောင်လိုဏ်ဂူအတွင်းမှ ထပ်မံတွေ့ရှိရသော ငွေဆင်းတုတော် (၂၁၉)ဆူ၊ ရွှေဆင်းတုတော် (၁၄)ဆူ၊ ဓာတ်တော်ပုလင်းနှင့် ဓာတ်တော်များ၊ စေတီတော်အတွင်းရှိရုပ်ပွားတော်မြတ်ကြီးနှင့် စေတီတော်ကြီးအား ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်ရှိ ချမ်းသာကြီးမြတ်စွာဘုရားရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသွားသော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းနေမှု၊ ရုပ်ပွားတော်မြတ်ကြီး၏မျက်နှာတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော်ရုပ်ပွားတော်များအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်နှင့် သီရိမာလာအရှေ့ရပ်ကွက်ရှိ အန္တရာယ်ရှိနေအိမ်အဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖြိုချရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားအား ရေယာဉ်များဖြတ်သန်းရာတွင် ရေလမ်းကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ





ရန်ကုန် ဇွန် ၁၇

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားအား ရေယာဉ်များ နေ့၊ ညဖြတ်သန်းရာတွင် ရေလမ်းကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးကြိုတင်ပြင်ဆင်စီမံမှုများဆောင်ရွက်ထားနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်ဆန်းဝန်ထမ်းမိသားစုအိမ်ရာ၊ သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်မြစ်ရေလမ်းကြောင်းအတွင်း ဖြတ်သန်းသွားလာကြမည့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများ၊ ကမ်းရိုးတန်းသွားနှင့် မြစ်တွင်းသွားရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် စံပြုလုပ်ငန်းစဉ်များနှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲသွားမည်ဖြစ်ပြီး ထွက်ပေါ်လာမည့် စံပြုလုပ်ငန်းစဉ်များနှင့် လမ်းညွှန်ချက်၊ စည်းကမ်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ တင်ပြ၍ ခွင့်ပြုချက်ရယူ၍ Stakeholder များအားလုံးသို့ ကျယ်ကျယ်ပြန့်ပြန့်ချပြရှင်းလင်းဆွေးနွေးပေးခြင်းနှင့် ပညာပေးခြင်း၊ တိကျစွာလိုက်နာကျင့်သုံးနိုင်ရေး ကြီးကြပ်စီမံခန့်ခွဲခြင်းနှင့် လိုအပ်သည့် အရေးယူမှုများကို ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြစ်ရေလမ်းကြောင်းတစ်လျှောက် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများနှင့် ကမ်းရိုးတန်းသွားနှင့် မြစ်တွင်းသွားရေယာဉ်များ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားကို နေ့၊ ညဖြတ်သန်းသွားလာကြရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းလုပ်ငန်းများအားလုံး ဒီဇင်ဘာလကုန်တွင် ပြီးစီးနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# အမြို့မြို့အနယ်နယ်၌ အမှိုက်များခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးသရုပ်ပြပွဲကျင်းပ



## နေပြည်တော်

နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၇ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် H-1 လမ်းမကြီးဘေး၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးက ပိတောက်ပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပိတောက်၊ ဆီသပြေနှင့် ပန်းမဲဇလီ စုစုပေါင်းအပင် ၆၅၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ သီရိရတနာမြို့မဈေးသို့သွားရောက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဈေးသူဈေးသားများနှင့် ပြည်သူလူထုများအား အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိအမှိုက်များ ခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးသရုပ်ပြပွဲဆောင်ရွက်နေမှုကို တက်ရောက်အားပေးသည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည်လယ်ဝေးမြို့ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် လမ်းဘေးဝဲ/ယာရေမြောင်းများအားရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**

## တောင်ကြီး

အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်းသည် အမှိုက်သိမ်းဆည်းမှုကိုလွယ်ကူစေသည့်အပြင် အမှိုက်များကို အကျိုးရှိအောင် ပြန်လည်အသုံးပြုနိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ခြင်းအသိပညာပေးသရုပ်ပြပွဲကို ဇွန်လ ၁၆ ရက်ညနေပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က စွန့်ပစ်ပစ္စည်းအမှိုက်များစီမံခန့်ခွဲမှုတွင် အမှိုက်များ ခွဲခြားစွန့်ပစ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရန် အသိပညာဖြန့်ဝေပေးပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြို့တော်ခန်းမအပြင်ဘက်၌ စွန့်ပစ်ပစ္စည်းစနစ်တကျခွဲခြားစွန့်ပစ်ရန်အတွက် သရုပ်ပြသကာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား စွန့်ပစ်ပစ္စည်းစနစ်တကျခွဲခြားစွန့်ပစ်နိုင်ရန်အတွက် အသိပညာပေးခြင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့အတူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ စွန့်ပစ်ပစ္စည်းများခွဲခြားစွန့်ပစ်ရန် အသိပညာပေးသရုပ်ပြပွဲကိုကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက တက်ရောက်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအကြောင်း ရှင်းလင်းတင်ပြ၍ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက အမှိုက်များခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးသရုပ်ပြသကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





## ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရွှေတောင်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ ဇွန်လ ၁၇ ရက် နံနက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်ရေး၊ မြို့နယ်သန့်ရှင်းသာယာလှပစေရေး အမှိုက်များစနစ်တကျစွန့်ပစ်ကြရန် အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်သတ်မှတ်၍ ခွဲခြားစွန့်ပစ်ခြင်းသရုပ်ပြလေ့ကျင့်ခြင်းပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသီရိက အမှိုက်စိုများဖြစ်သော မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများအတွက် အစိမ်းရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ အမှိုက်ခြောက်များဖြစ်သော စက္ကူ ကတ်ထူစက္ကူ၊ သံတိုသံစ၊ ပိတ်စ၊ သစ်သားစ စသည့်စွန့်ပစ်ပစ္စည်းများအတွက် အဝါရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ ပလတ်စတစ်အမှိုက်များဖြစ်သော ပလတ်စတစ်သုံးပစ္စည်းများအား အပြာရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ၊ မီးလုံး၊ အင်းဆက်ဖျန်းဆေးရည်များ၊ အိမ်သုံးဓာတုစွန့်ပစ်ပစ္စည်းများအစရှိသည့်ဘေးအန္တရာယ်ရှိအမှိုက်များအတွက် အနီရောင်အမှိုက်ပုံးတွင်လည်းကောင်း စွန့်ပစ်ရမည်ဖြစ်ကြောင်း အသိပညာပေးပြောကြားသည်။

ထို့နောက် ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသီရိက အမှိုက်(၄)မျိုး ခွဲခြားစွန့်ပစ်ပုံကို ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့သရုပ်ပြစေခဲ့သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများပံ့ပိုးပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသီရိ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများမှ လေ့လာကြည့်ရှုကြကြောင်းသိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## မြန်အောင်

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ဇွန်လ ၁၆ ရက် မွန်းလွဲပိုင်းက အမှိုက်အမျိုးအစား(၄)မျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်က ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းသောအားဖြင့် အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျစွန့်ပစ်ကြရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဖို့လိုကြောင်း ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်က အမှိုက်များအား စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရန်အတွက် အမျိုးအစား(၄)မျိုးဖြစ်သည့် မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများပါဝင်သည့်အမှိုက်များအား အမှိုက်စိုအဖြစ် အစိမ်းရောင်ပုံး တွင်လည်းကောင်း၊ ခြောက်သွေ့သော စက္ကူ၊ ကတ်ထူစက္ကူ၊ သံတိုသံစ၊ ပိတ်စ၊ သစ်သားစ စသည့် စွန့်ပစ်ပစ္စည်းများအား အဝါရောင်ပုံးတွင်လည်းကောင်း၊ ပလတ်စတစ်သုံးပစ္စည်းများအား အပြာရောင်ပုံးတွင်လည်းကောင်း၊ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ၊ အင်းဆက်ဖျန်းဆေးရည်များ စသည့် ဘေးအန္တရာယ်ရှိနိုင်သည့်အရာများအား ဘေးအန္တရာယ်ရှိသော အမှိုက်များအဖြစ် အနီရောင်ပုံးတွင်လည်းကောင်း စွန့်ပစ်ရန် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့တို့အား လက်တွေ့သရုပ်ပြသသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးတင့်နှင့်တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**

# မိုးရာသီနှင့် သွေးလွန်တုပ်ကွေးရောဂါ

မောင်သောင်းဝင်း(တမန်ဟောင်း)

"အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ လူအများစုသည် ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသောအချိန်မှသာသိရှိကြသည်။ ကျန်းမာနေချိန်တွင် ဖြစ်သလို နေထိုင်စားသောက်ကြသည်။ လူတစ်ဦးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတအောင် ပြုမူနေထိုင်စားသောက်နေမှသာလျှင် ကျန်းမာချမ်းသာပျော်ရွှင်သော ဘဝကိုပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ လူသားအားလုံး၏ တောင့်တမှုသည် သက်ရှည်ကျန်းမာပြီး ကြွယ်ဝချမ်းသာစွာနေထိုင်နိုင်ရေးပင်ဖြစ်သည်။ လက်ရှိအချိန်တွင် သွေးလွန်တုပ်ကွေးရောဂါသည် လူကြီးလူငယ် အသက်အရွယ်ပေါင်းစုံကိုခြိမ်းခြောက်လာလျက်ရှိသဖြင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာကျင့်ကြံနေထိုင်သွားရန်လိုအပ်သည်။

**သွေးလွန်တုပ်ကွေးရောဂါ**

သွေးလွန်တုပ်ကွေးရောဂါသည် ဗိုင်းရပ်ပိုး ကူးစက်ခြင်းကြောင့်ဖြစ်ပွားပြီး သွေးလွန်တုပ်ကွေး ပိုးသယ်ဆောင်သည့် ခြင်ကျားအကိုက်ခံရခြင်းမှ တစ်ဆင့် ကူးစက်ဖြစ်ပွားသည်။ ထိုခြင်များ၏ ခန္ဓာကိုယ်တွင် အဖြူအစက်များပါရှိသည့်အတွက် ခြင်ကျားဟုခေါ်ခြင်းဖြစ်သည်။ ခြင်ကျားများသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားကြပြီး နေ့အခါတွင် လူများကိုကိုက်လေ့ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါတွင် Dengue Fever၊ သွေးလွန်တုပ်ကွေး (Dengue Hemorrhagic Fever)နှင့် သွေးလန့်ခြင်း(Dengue Shock Syndrome)ဟူ၍ အဆင့်ဆင့်ဖြစ်ပွားတတ်သောရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် ၁၅ နှစ်အောက်တွင် အများဆုံးဖြစ်ပွားတတ်သော်လည်း ယခုအခါတွင် အသက်အရွယ်မရွေး ဖြစ်ပွားလျက်ရှိသည်။ ကျား၊ မ မရွေး တောရောမြို့ပါ နေရာမရွေးဖြစ်ပွားလေ့ရှိသောရောဂါဖြစ်သည်။ တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင် အဖြစ်အများဆုံးဖြစ်သည်။


**ရောဂါလက္ခဏာများ**

သွေးလွန်တုပ်ကွေးလက္ခဏာများသည် ရောဂါပိုးသယ်ဆောင်ထားသည့် ခြင်ကိုက်ခံရပြီး ပျမ်းမျှ လေးရက်မှ ခြောက်ရက်အကြာတွင် စတင်ပြသပြီး အောက်ပါအတိုင်း တွေ့ရှိရသည်–

Dengue Fever ရောဂါတွင် ရုတ်တရက် လတ်တလော အဖျားတက်လာခြင်းနှင့်အတူ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံးကိုက်ခဲခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ မစားချင်/ မသောက်ချင်ဖြစ်ခြင်းနှင့် တစ်ခါတစ်ရံတွင် ခန္ဓာကိုယ်၌ အစက်အပြောက်များပေါ်လာခြင်းတို့ဖြစ်တတ်သည်။ ထို့ကြောင့် ပုံမှန်ရာသီအကူးအပြောင်းတွင် ဖြစ်တတ်သည့် တုပ်ကွေးရောဂါနှင့် ကွာခြားမှုမရှိသောကြောင့် များသောအားဖြင့် Dengue Fever မှန်းမသိလိုက်ကြပေ။ သွေးပေါင်ချိန်တိုင်းကိရိယာဖြင့်စစ်ဆေးတိုင်းတာကြည့်ပါက လက်ဖျံတွင်အစက်အပြောက်များပေါ်လာသည်မှလွဲ၍ အခြားစိုးရိမ်ရသည့်လက္ခဏာများမရှိပါ။ မိဘအုပ်ထိန်းသူများအနေဖြင့် တုပ်ကွေးဖျား (အထူးသဖြင့် ကလေးသူငယ်များ) ဖျားနာပါက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားသွားရန်လိုအပ်ပေသည်။

သွေးလွန်တုပ်ကွေးရောဂါ (Dengue Hemorrhagic Fever)နှင့် သွေးလန့်ခြင်း (Dengue Shock Syndrome) စိုးရိမ်ရသည့်လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ပြီး ၎င်းလက္ခဏာတစ်ခုခုတွေ့ရှိခဲ့လျှင် နီးစပ်ရာဆေးရုံ/ ဆေးခန်းသို့ ချက်ချင်းခေါ်ဆောင်ပြသရန်လိုအပ်သည်–

ခန္ဓာကိုယ်တွင်းသွေးယိုစီးသည့်အတွက်ကြောင့် ကော်ဖီမှုန့်ရောင်၊ အညိုရောင်အဖတ် အမျှင်လေးများပါသော အရည်များအန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ သွားဖုံးကြားသွေးထွက်ခြင်း၊ ခန္ဓာကိုယ်တွင် သွေးခြေဥသကဲ့သို့ အနီကွက်များပေါ်လာခြင်း၊ ကိုယ်အပူချိန် ရုတ်တရက်ကျဆင်းသွားခြင်း (များသောအားဖြင့် စဖျားသည့်နေ့မှ သုံးရက်မြောက်တွင် ဖြစ်တတ်သည်။) ရုတ်တရက် ဗိုက်အောင့်လာခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း သို့မဟုတ် အရမ်းမှိန်းလာခြင်း၊ ခြေဖျား၊ လက်ဖျားများ အလွန်အမင်း အေးစက်ခြင်း၊ သွေးပေါင်အလွန်ကျဆင်းခြင်း၊ နောက်ဆုံးတွင် တိုင်းတာ၍မရသည့်အခြေအနေဖြစ်ခြင်း၊ အပေါ်သွေး၊ အောက်သွေးခြားနားချက်သည် ၂၀ မီလီမီတာ မာကျူရီ သို့မဟုတ် ထို့ထက်နည်းခြင်း၊ အစာနှင့်ရေမဝင်နိုင်လောက်အောင် အဆက်မပြတ် အန်ခြင်းတို့ဖြစ်ပြီး ကလေးကိုယ်အပူချိန်ကျဆင်းသွား၍ မှိန်းလျှင်/အိပ်နေလျှင် အန္တရာယ်ရှိသော အခြေအနေဖြစ်နိုင်သည်။




**ကုသမှုနည်းလမ်းများ**

ကလေးငယ်များသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် အောက်ဖော်ပြပါအတိုင်း စနစ်တကျစောင့်ကြည့်ကုသမှုများလုပ်ဆောင်သွားရန်လိုအပ်ပေသည်–

ဂရုတစိုက်ကြည့်ရှုခြင်း (သွေးပေါင်မှန်မှန်ချိန်ခြင်း၊ ကလေးအခြေအနေ စောင့်ကြည့်ခြင်း)၊ ကိုယ်အပူချိန်အတွက် ပါရာစီတမော(Paracetamol) တိုက်ကျွေးနိုင်ခြင်းနှင့် ရေဖတ်တိုက်ပေးခြင်း၊ အရည်ပြန်လည်ဖြည့်တင်းပေးရန် လိုအပ်သဖြင့် ဓာတ်ဆားရည်သောက်ခြင်း၊ အသီးအနှံဖျော်ရည်များ သောက်ပေးခြင်း၊ နို့တိုက်ကလေးငယ်များကို မိခင်နို့ဆက်လက်တိုက်ကျွေးခြင်းတို့လုပ်ဆောင်ရန်လိုအပ်သည်။

ဖျားနေသည့်ကလေးကို အစားအသောက် မကျွေးခြင်းမျိုးကို မပြုလုပ်သင့်ပါ။ ကလေးစားချင်သောက်ချင်စိတ်ရှိမည်ဆိုပါက မည်သည့်အစားအစာမဆို ကျွေးနိုင်သည်။ သို့သော် ကလေးကို အညိုရောင်အရည်များ(ကော်ဖီ၊ လက်ဖက်ရည်၊ ချောကလက်၊ မိုင်လို၊ အိုဗာတင်း) တိုက်ကျွေးခြင်းကို ရှောင်ရမည်။ အကြောင်းမူကား သွေးလွန်တုပ်ကွေးဖြစ်သည့်ကလေးများသည် အစာအိမ်လမ်းကြောင်းတစ်လျှောက်တွင် သွေးကြောလေးများမှ သွေးယိုစိမ့်ပြီး အညိုရောင်များ အန်တတ်သဖြင့် ကော်ဖီကဲ့သို့ အညိုရောင်ရှိသည့် အရည်များ တိုက်ကျွေးသည့်အခါ ခွဲခြားရခက်ခဲသောကြောင့်ဖြစ်သည်။

Dengue Fever တွင် သွေးဥမွှားအရေအတွက် ၁၀၀ အောက်ကျနေသူများ၊ သွေးလန့်သည့် လက္ခဏာရှိသူများ၊ နှာခေါင်းသွေးယို၊ သွားဖုံးသွေးယို စသည့် သွေးယိုစီးသည့်လက္ခဏာ ရှိနေသူများ၊ အလွန်အမင်းအန်နေခြင်း၊ အရည်မသောက်နိုင်ခြင်းတို့ဖြစ်နေသည့်သူများ၊ သက်ဆိုင်ရာတာဝန်ခံဆရာဝန်မှ ဆေးရုံတက်ရန်လိုအပ်သည်ဟု ဆုံးဖြတ်ပေးထားသူများ၊ ဆေးရုံနှင့် အသွားအလာခက်သည့်နေရာတွင်နေသူများ၊ ပို့ဆောင်ရေးခက်ခဲသည့်ဒေသတွင်နေသူများကို ဆေးရုံတင်ရန်လိုအပ်သည်။ ဆေးရုံ၊ ဆေးခန်းသို့ အချိန်မီမရောက်ရှိနိုင်ပါက နောက်ဆက်တွဲဆိုးကျိုးများကြောင့်အသက်ဆုံးရှုံးသည် အထိဖြစ်နိုင်သည်။ ထို့ပြင် သက်ဆိုင်ရာဆေးရုံမှ တာဝန်ခံဆရာဝန်၏ ခွင့်ပြုသည့်အချိန်မတိုင်သေးဘဲ ဆင်းပါက ဆိုးကျိုးများဖြစ်ပြီး ကလေးကို ထိခိုက်မည်ဖြစ်ကြောင်း မိဘ သို့မဟုတ် မိသားစုဝင်များကို သတိပေးပြောကြားထားသင့်သည်။ ဆေးရုံဆင်းပြီးပါက တစ်ပတ်ခန့် အနားယူရန်လိုအပ်သည်။

**ကာကွယ်နှိမ်နင်းရန်လို**

ခြင်ကျားကိုက်ခြင်းကြောင့်ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါသည် ယခင်က မိုးရာသီတွင် လူငယ်များ၌သာအဖြစ်များသော်လည်း လက်ရှိအချိန်တွင် အသက်အရွယ်ပေါင်းစုံ၌ ရာသီမရွေးဖြစ်ပေါ်လျက်ရှိသည်။ အထူးဂရုစိုက်ကာကွယ်သွားရန် လိုအပ်ပေသည်။ အထူးသဖြင့် ကျန်းမာရေးအသိပညာပေးခြင်းနှင့် မှန်ကန်သောအလေ့အကျင့်များပေါ်ထွန်းလာစေရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများကို ကျန်းမာရေးအသိပညာပေးခြင်း၊ ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များသင်ကြားပေးခြင်း (ဥပမာ– ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခတ်၊ လောင်း၊ ထောင်၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ မွှတ် လုပ်ငန်းစဉ်များ)၊ ရောဂါဖြစ်ပွားမှုများလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ရန် အသိပညာပေးခြင်းနှင့် သွေးလွန်တုပ်ကွေးလူနာရှိသောနေအိမ်နှင့် ပတ်လည်တွင် သွေးလွန်တုပ်ကွေးဖြစ်စေသော ခြင်များသေစေရန်အတွက် ခြင်ဆေးမှုတ်လုပ်ငန်းများကိုလုပ်ဆောင်သွားရန်လိုအပ်သည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရပ်ကွက်/ကျေးရွာအလိုက် တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊ ခြင်ကျား၊ ပိုးလောက်လမ်း အဓိကပေါက်ပွားတတ်သော အိမ်တွင်း၊ အိမ်ပြင်ရှိ ရေသိုလှောင်ထားသည့် အိုးခွက်များ (ဥပမာ– စဉ့်အိုး၊ အုတ်ရေကန်၊ ဘုရားပန်းအိုး၊ နတ်စင်အိုး စသဖြင့်)ကို ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ မလိုအပ်သည့် အိုး၊ ခွက်၊ ဘက်ထရီအိုး၊ တာယာဟောင်း စသည်တို့ကို စနစ်တကျမြေမြှုပ်ပစ်ခြင်း၊ ရေအောင်းပြီး ခြင်ပေါက်ပွားနိုင်သော ဝါးငုတ်၊ သစ်ခေါင်းများကို ရှင်းလင်း၊ မြေဖို့ခြင်း၊ မသွန်နိုင်၊ မလှယ်နိုင်သော ရေစည်၊ ရေကန်များတွင် ပိုးလောက်လမ်းသတ်ဆေး(အဘိတ်ဆေး)ခတ်ခြင်း၊ ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ခြင်ကျားကင်းစင်သည့် ကျောင်းများထူထောင်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးပညာပေးခြင်း၊ သောကြာနေ့တွင် ဆရာ၊ ဆရာမများမှ ကျောင်းသား၊ ကျောင်းသူများအား ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ကျောင်းတွင် တစ်ပတ်လျှင်တစ်ကြိမ် နာရီဝက်ခန့် အချိန်ပေး၍ ပိုးလောက်လမ်းရှာဖွေစေခြင်း၊ ရေလှယ်ခြင်း၊ သွန်ခြင်း၊ တစ်ပတ်အတွင်း နောက်ဆုံး ကျောင်းတက်ရသည့်နေ့ (သောကြာ)တွင် သောက်ရေအိုးများနှင့် တခြားအိုးများကို ပွတ်တိုက်ဆေးကြော၍ ကျောင်းပိတ်ရက်များတွင် မှောက်ထားခဲ့ခြင်းတို့ကို ဆောင်ရွက်သွားသင့်သည်။

ထို့ပြင် တစ်ဦးချင်းအနေဖြင့်လည်း ခြင်ကိုက်မခံရစေရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ထားခြင်း၊ အိပ်သည့်အခါတိုင်း နေ့/ည မရွေး ခြင်ထောင်ဖြင့်အိပ်ခြင်း(ဖြစ်နိုင်ပါက) ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ခြင်း၊ ခြင်နိုင်ဆေးလိမ်းခြင်း၊ အိမ်များတွင် ခြင်လုံဆန်ခါတပ်ဆင်ခြင်းတို့ ပြုလုပ်သင့်သည်။


**မိုးရာသီနှင့်သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်**

ဆိုရလျှင် သွေးလွန်တုပ်ကွေးသည် ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကိုက်မခံရအောင် နေထိုင်ခြင်းနှင့် ခြင်ကျား မပေါက်ပွားနိုင်အောင်ပြုလုပ်ခြင်းတို့ဖြစ်သည်။ မိုးတွင်းကာလသာမက မည်သည့်အချိန်တွင်မဆို ကလေးများဖျားနာလျှင် သွေးလွန်တုပ်ကွေးအန္တရာယ်ကို သတိပြုသွားရန်လိုအပ်သည်။ အသက်အန္တရာယ်ရှိသည့် ရောဂါဖြစ်သော်လည်း အလွယ်တကူ ကာကွယ်နိုင်သောရောဂါဖြစ်သည့်အတွက် သွေးလွန်တုပ်ကွေးသံသယရှိပါက ဆေးရုံ၊ ဆေးခန်းများတွင် ချက်ချင်းသွားရောက်ပြသသင့်သည်။

အထူးဂရုပြုသင့်သောအချက်မှာ သွေးလွန်တုပ်ကွေးသည် ယခင်ဖြစ်ဖူးသည့်သူများတွင် နောက်တစ်ကြိမ်ဖြစ်လျှင် ပိုမိုဆိုးရွားတတ်သောကြောင့် အထူးသတိထားရန် လိုအပ်သည်။ ရာသီတစ်ခုတည်းမှာပင် နှစ်ကြိမ်ပြန်ဖြစ်နိုင်သည့်အတွက် ပထမတစ်ကြိမ်ဖြစ်ပြီးဟု သဘောထားပြီး ပေါ့ဆ၍မရသည့် ရောဂါဖြစ်သည်။ ထို့ကြောင့် မိုးရာသီတွင် အဖြစ်များတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စေတနာဖြင့်တိုက်တွန်းအကြံပြုရေးသားအပ်ပါသည်။ ။


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



**ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။**



**အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။**



**စနစ်တကျ လက်ဆေးပါ။**

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





**ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်**

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသပြီး မဲပေးစက်လက်တွေ့သရုပ်ပြသ

နေပြည်တော် ဇွန် ၁၇

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက်လက်တွေ့သရုပ်ပြမဲပေးခြင်းကို ယနေ့ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက MEVM (မြန်မာအီလက်ထရောနစ်မဲပေးစက်)ကို အသုံးပြု၍ မဲပေးရခြင်းအကြောင်းကို POWER POINT ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပြီး မဲပေးစက်ဖြင့်မဲပေးနည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက လက်တွေ့သရုပ်ပြမဲပေးခြင်းများ ဆောင်ရွက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ လက်တွေ့သရုပ်ပြမဲပေးနေမှုကိုကြည့်ရှုစဉ်။

ထို့နောက် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံတို့ကို လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဇွန် ၁၇

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် ဇွန်လ ၂၃ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။


## ၁၇-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**









● **ကျောဖုံးမှအဆက်**

မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်း နှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် (AI) နည်းပညာတွဲဖက်အသုံးပြုရေးဆွေးနွေး

နေပြည်တော် ဇွန် ၁၇

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင်(AI) နည်းပညာတွဲဖက်အသုံးပြုရေး တောင်သူပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အေးလာစိုက်ပျိုးစီးပွားပညာပေးစင်တာ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ အေးလာမြို့သစ်မှ ဖိတ်ကြားထားသော တောင်သူများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တောင်သူများအနေဖြင့် မိမိတို့မိုဘိုင်းဖုန်းများမှတစ်ဆင့် လူမှုကွန်ရက်ပလက်ဖောင်းများ အသုံးပြု၍ စိုက်ပျိုးနည်းပညာများကို အလွယ်တကူလေ့လာနိုင်ကြောင်း၊ မိမိကျေးရွာတွင်း မျိုးစေ့ဖူလုံမှု၊ စားရေရိက္ခာဖူလုံရေးအတွက် လုပ်ကွက်ငယ်တောင်သူများအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အပြင် တောင်သူကြီးများနှင့် ကုန်သည်ကြီးများ ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်လုပ်ငန်းများကို လုပ်ကိုင်စေလိုကြောင်း၊ (AI)အကူအညီဖြင့် တောင်သူကြီးများ၏ လယ်ယာလုပ်ငန်းခွင်တွင် လိုအပ်သည့်ဆုံးဖြတ်ချက်များကို ချမှတ်ရန်လိုကြောင်း၊ နည်းပညာနှင့်သတင်းအချက်အလက်ကိုအခြေခံ၍ စပါးမျိုးစေ့များထုတ်ပါက အကျိုးရှိပြီး တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက တက်ရောက်လာကြသည့် တောင်သူများကို သီးပင်စားပင်ပျိုးပင်များနှင့် မျိုးစေ့များပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် (SMU) ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ကြံခင်းစုကျေးရွာတွင် တောင်သူ ၁၀၀ ခန့်နှင့်တွေ့ဆုံ၍ (SMU)ကျေးရွာတိုင်းတွင် လူထုအခြေပြုအော်ဂဲနစ် သီးနှံများစိုက်ပျိုးရန်၊ ကျေးရွာအတွင်းစားသုံးရန် စိုက်ပျိုးထားရှိသည့် နှစ်တို၊ နှစ်ရှည်သီးနှံများကို စာရင်းပြုစုရန်၊ (SMU)ကျေးရွာအတွင်း မိုဘိုင်းဖုန်းလက်ရှိအခြေအနေတွင်ရရှိနိုင်သော လူမှုကွန်ရက်မီဒီယာများကို အသုံးပြု၍ စိုက်ပျိုးရေးနည်းပညာများလေ့လာနိုင်မှု၊ (SMU)ကျေးရွာတိုင်းတွင် သီးနှံပျိုးခြံများ စိုက်ခင်းကြီးများ ထူထောင်ဆောင်ရွက်နိုင်မှုအခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများအားရရှိနိုင်မည့်မြေတွင် မြေပြန့်ကော်ဖီများ စိုက်ပျိုးကြရန်နှင့်ဆူးပုပ်၊ ဒန့်သလွန်၊ ဥသျှစ်၊ ခံပင်၊ မလွှ၊ ကြောင်လျှာ၊ ကင်ပွန်းချဉ်ပင် အစရှိသော ပျိုးပင် ၃၅၀ ပင်နှင့်အပင်မျိုးစေ့များကိုပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့်

# Grade - 12 ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက Grade – 12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကို ကြည့်ရှုစဉ်။



မန္တလေးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုကြသည့် Grade – 12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။




ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုကြသည့် Grade – 12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



နေပြည်တော်ကောင်စီနယ်မြေတွင် Grade – 12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကိုတွေ့ရစဉ်။



နေပြည်တော်ကောင်စီနယ်မြေတွင် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုကြသည့် Grade – 12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲ ပထမနေ့ ဇွန်လ ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူကျောင်းသား၊ကျောင်းသူ ၆၂၈၀၀ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၃ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ စာမေးပွဲလာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်

# တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး အဆင့်ဆင့်စစ်ဆေးကြပ်မတ်သွားရန်လိုအပ်

**နေပြည်တော် ဇွန် ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက နမ့်စန်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန နမ့်စန်ပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝစွာ ဓာတ်အားစဉ်ဆက်မပြတ်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံသုံးလျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ စနစ်တကျပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားခကောက်ခံရရှိမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် စီမံကိန်း၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ အင်းလေးဒေသအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့်ဓာတ်အားခကြွေးကျန်များအပြည့်အဝရရှိရေးတို့ကို ရည်မှန်းချက်ထားဆောင်ရွက်ရန်၊ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး အဆင့်ဆင့်စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# (၂၃)ကြိမ်မြောက် အာဆီယံစားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ ဦးဆောင်သူများ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၁၇**

(၂၃)ကြိမ်မြောက် အာဆီယံစားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ (THE 23rd ASEAN FOOD SECURITY INFORMATION SYSTEM (AFSIS) Focal Point Meeting) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးတွင် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားအပါအဝင် အာဆီယံ အပေါင်းသုံးနိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AFSIS အတွင်းရေးမှူးရုံးနှင့် AFTERR အတွင်းရေးမှူးရုံးတို့မှ In-person ဖြင့်လည်းကောင်း၊ အွန်လိုင်းဖြင့်လည်းကောင်း စုစုပေါင်းကိုယ်စားလှယ် ၄၉ ဦး ပါဝင်ဆွေးနွေးကြပြီး AFSIS အတွင်းရေးမှူးရုံး၏ မန်နေဂျာ ဒေါက်တာ Sumanya Ngandee နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းထွဋ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

အစည်းအဝေးအတွင်း မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွဋ်က ဥက္ကဋ္ဌအဖြစ်အစည်းအဝေးကို ဦးဆောင်ကျင်းပပြီး အာဆီယံစားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြခြင်း၊ (၂၄)ကြိမ်မြောက် အာဆီယံစားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ ဦးဆောင်သူများ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၆ ခုနှစ်အတွင်း ကျင်းပမည့်နေ့ရက်နှင့် နေရာများကို အတည်ပြုကြေညာခြင်း၊ အနှစ်ချုပ်အစီရင်ခံစာကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အတည်ပြုချက်ရယူခြင်းတို့ကို ဇွန်လ ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**



စစ်ကိုင်းတိုင်းဒေသကြီးတွင် Grade – 12 ကျောင်းသား၊ ကျောင်းသူများတက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကိုတွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုကြသည့် Grade – 12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများဖြေဆိုနိုင်ရန် ဧပြီလ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့် မြို့နယ်များရှိကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက်လည်း မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Bogale Township supplies 65,000 viss of shrimps in varities to Yangon market

BOGALE June 17

"Local businesspersons from fishery industry of Bogale Township in Ayeyawady Region sold 65,000 viss of shrimps in varieties to Yangon Region market," said Daw Tin Tin May, the owner of fisheries industry in Bogale Township.



From Bogale Township, only up to 65,000 viss of assorted prawns were exported and sold to the Yangon market.

It is reported that seafood trading businesses in the region purchase prawns harvested locally, systematically clean and process them, and then export and sell them to the Yangon market.

A seafood trader from Bogale Township, Daw Tin Tin May, said: "Most of the seafood from Bogale Township is being sold to the Yangon market. In the past month alone, up to 65,000 viss of assorted prawns were sold. Since large quantities of prawns and other seafood products are being shipped and sold, those working in the seafood trading business are also getting good employment opportunities. The local seafood is mostly transported and sold using cargo trucks. There haven't been any major difficulties in the export process either."

The price per viss of prawns exported and sold from Bogale Township to the Yangon market is reported to vary based on freshness as follows: prawn (Bawgyeik) worth Ks-19,500 to Ks-24,000, small-sized prawns Ks-18,000 to Ks-18,500, large-sized prawns Ks-18,500 to Ks-23,500 and whole shell-on prawns Ks-36,500 to Ks-45,000. These prices fluctuate depending on the freshness of the products.

**SK**

# Naga region to grow more than 1,000 acres of soya bean this monsoon

NANYUN June 17

According to Sagaing Region Agriculture Department, more than 1,000 acres of soya bean will be planted in Naga Self-Administered Zone in Sagaing Region this monsoon.

During the 2025-2026 monsoon crop season, it has been reported that a total of 1,258 acres of soya bean cultivation is planned across townships within the Naga Self-Administered Zone as follows: 311 acres in Leshi Township, 11 acres in Sommara Town, 349 acres in Lahe Township, 122 acres in Thangpakwe Township, 142 acres in Nanyun Township, 252 acres in Donhee Township, and 71 acres in Pansawng Township.

"This year, over 1,000 acres have been designated for soybean cultivation in the Naga Self-Administered Zone during the monsoon crop season. We will carry out efforts to ensure the full target area is cultivated. In addition, educational initiatives will be implemented to prevent pest infestations. Steps have also been taken to raise awareness among farmers and ensure access to quality seeds," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးမင်းထွေးက သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားတစ်ဦးအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပေးအပ်ပြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းကို ဇွန်လ ၁၂ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့အခမဲ့ သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အိပိုးပိုး**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။


**ဇွန်လ ၁၆ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၁၁၉)တန်၊ အခြားသစ် (၁ ဒသမ ၅၂၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၁၉၈၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ အင်းတကော်စစ်ဆေးရေးဂိတ်၌ သာမညမှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော








ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။






ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head (၂)စီး၊ Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၃)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၆၉၁၉၈၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့၊ တောင်သမန်အင်း မြို့ပတ်လမ်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၃၆၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus (၁)စီး၊ Jin Bei Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၇)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၇၇၉၅၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဟန်မြင့်မိုရ်-ရွှာငံလမ်း၊ ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့ မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၂၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၇၇၃၈၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၃)စီး၊ Dong Feng Tractor Head (၁)စီး၊ Howo Sino Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၅)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၂၃၅၀၃၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၊ ဖလုံ(၂)နယ်မြေအတွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် သစ်မာ (သုည ဒသမ ၇၃၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၀၅၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Caravan(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ထူး ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၂၁၁၈၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Sea Lion-3 ရေယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၇၈၀၂၃၇)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ ဘားအံမြို့နယ်၊ ရဲသာယာယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၁၆ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၂၃)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၅၆)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၁၆ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၁၀၂၂၅၅၉)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့် အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက် ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သိရသည်။


မြဝတီ

## ပြင်ဦးလွင်မြို့၊နောင်ချိုမြို့၊တာချီလိတ်မြို့နှင့်လွိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၁၅ ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ရွှေဘိုလမ်းမပေါ်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရွှေဘိုလမ်းအတိုင်း သန်းထက်ဝင်း မောင်းနှင်ပြီး နန်းမြင့်သူ လိုက်ပါလာ သောမော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၀၀) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ ထွန်းလွင်(ခ) စွာဗစ်နှင့် မဇာနည်လွင် တို့နေထိုင်သည့် နောင်ချိုမြို့နယ်၊ ကြိမ်ဂနိုင်ကျေးရွာအုပ်စု၊ ခြေမြစ်ပင်ကျေးရွာရှိနေအိမ်ကို မွန်းတည့် ၁၂ နာရီ ခွဲတွင် ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀(တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၇ ဒသမ ၈ သိန်း) ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁နာရီ တွင် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မြို့ပတ်လမ်း၊ မယ်ဆိုင်ချောင်း ဘေးရှိ နှင်းနှင်းဝေ(ခ)သွန်းဝတီဖြိုး၏ နေအိမ်တဲအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀၀ ပြား (တစ်ပြားလျှင် ၇၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၁ ဒသမ ၈ သိန်း) ကိုလည်းကောင်း၊ယင်းနေ့ မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာ အုပ်စု၊ ပန်မုန့်ကျေးရွာ၊ သီလရှင်ကျောင်းလမ်းနေ အိုက်ခမ်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ် နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅ သိန်း) ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရဲပြန်ကြား



တရားခံ ဇာနည်လွင်၊ ထွန်းလွင်(ခ)စွာဗစ်၊ နန်းမြင့်သူနှင့် သန်းထက်ဝင်း တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရွှေဝတီမျိုးစေ့ ရွှေဝတီမျိုးစေ့

# ရွှေဝတီမျိုးစေ့ကုမ္ပဏီမှ အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

ရွှေဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း NK 625 သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်းပျမ်းမျှ ၉၅ % သို့မဟုတ် ၉၅ % ထက်မြင့်မားမှုရှိပြီး တောင်သူများယုံကြည်စိတ်ချစွာစိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။ အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ရွှေဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။ သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော NK 625 5kg(Thailand) မျိုးစေ့များတွင် အပင်ပေါက်သက်ရောက်မှုများရှိခဲ့ပြီး သတ်မှတ်ထားသောအပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကိုပြုလုပ်ခဲ့ပါသည်။

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅ % အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်းစံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ်(သို့) Lots ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသောမျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923
- တောင်သူများဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာဖြစ်ပေါ်လျက်ရှိသောကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန်ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော NK 625 5kg မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့်(သို့မဟုတ်)ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ ကီလိုတစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှတစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သောဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- **နီးစပ်ရာကိုယ်စားလှယ်ဆိုင်**
- **ရှမ်း(တောင်)၀၉-၇၅၀၂၁၁၆၈၇**
- **ရှမ်း(မြောက်)၀၉-၇၅၀၂၁၁၆၈၈**
- **info@ayeyarwaddyseeds.com**

ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ရွှေဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သောအရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**




# မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက် ပညာလဲပေး၊ ဗဟုသုတလဲရ၊ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းနှင်းဦး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းကြိုးကြာနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ဟန်တင်(သုံးဆယ်)၊ ကန့်ဘလူကုတ်တင်အောင်၊ မင်းနီနိုင်(မောင်တော)၊ မန်းတင့်မော်နှင့် ရေနံ့သာမောင်ကျော်ညွှန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၁၇-၆-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၉)၊ အမှတ်(၂၂)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆



**ပျောက်ဆုံးကြောင်း**
ကေသီ(ဘ)ဦးကျော်ညွန့် ၈/ခမန(နိုင်)၁၇၃၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အရှင်တေဇာနန္ဒ(ဘ)ဦးသောင်းမြိုင် ၁၂/မဂဒ(သ)၀၀၂၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 120049)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဖြူဖြူအောင်(ဘ)ဦးမောင်ကျော် ၃/မဝတ(နိုင်)၀၂၀၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 025642)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅)၊ အင်တိုင်းသာရပ်ကွက်နေ အဘ ဦးကျော်ရှိန် ၉/လဝန(နိုင်)၀၃၇၅၃၉၊ အမိ ဒေါ်စန်း ၉/လဝန(နိုင်)၁၀၇၂၀၃ ၏သား မောင်ဝင်းစိုးသိန်း ၉/လဝန(နိုင်)၁၅၀၅၄၃ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။
**ဦးကျော်ရှိန်-ဒေါ်စန်း**

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ P.S.H ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 မှ အဘ ဦးလှမျိုးဌေး၏သား မောင်မြတ်သူရကျော်အား မောင်မြတ်ဘုန်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်မြတ်ဘုန်းထက်**

**ပျောက်ဆုံးကြောင်း**
နှင်းသီတာ(ဘ)ဦးလှမင်း ၁၂/ဥကမ(နိုင်)၂၀၁၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 537048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဂင်္ဂါဇော်ဝင်း(ဘ)ဦးဇော်ဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ထက်ဝေလင်း(ဘ)ရန်ခိုင်ဝမ် ၁၃/နမတ(နိုင်)၀၆၈၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 944290)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၉၃၀၀၆၉

**ပျောက်ဆုံးကြောင်း**
ယမင်းခိုင်(ဘ)ဦးကြည်ထွေး ၁၂/ရပသ(နိုင်)၀၉၉၃၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 371313)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခန့်ခန့်မှူး(ဘ)ဦးကျော်နိုင်ထွန်း ၉/ကပတ(နိုင်)၂၉၇၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 870207)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်အာကာထက်(ဘ)ဦးမြင့်ဦး ၈/တတက(နိုင်)၁၈၇၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 939995)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၅၂၀၅၃၀

**ပျောက်ဆုံးကြောင်း**
မျိုးမင်းခန့်(ဘ)ဦးမြင့်စိုး ၈/ရနခ(နိုင်)၁၆၇၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 484388)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၃၅၃၉၃၀

**ပျောက်ဆုံးကြောင်း**
သော်ဇင်မိုး(ဘ)ဦးစိန်မင်း ၅/ရဘန(နိုင်)၂၅၄၃၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စိုးစန္ဒာထွန်း(ဘ)ဦးအောင်သန်းထွေး ၁၀/မလမ(နိုင်)၂၈၄၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 871268)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇင်ယုယုထွေး(ဘ)ဦးဌေးဝင်း ၁၄/ဟသတ(နိုင်)၃၆၀၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 448968)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၆၇၁၄၈၈

# စပါးအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ဆွန်ယောင်မင်ကို ဖီနာဘာချီအသင်းက ခေါ်ယူရန်ကြိုးပမ်းနေ



အစ္စတန်ဘူလ် ဇွန် ၁၇

တူကီယဲထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ဖီနာဘာချီအသင်းက စပါးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ဆွန်ယောင်မင်ကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ဆွန်ယောင်မင်သည် ၂၀၁၅ ခုနှစ်က လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အစောပိုင်းနှစ်များက ပွဲကစားခွင့်နည်းပါးခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် အသင်းဖော်ဟောင်းတစ်ဦးဖြစ်သည့် ဟယ်ရီကိန်းနှင့်အတူ စပါးအသင်းတိုက်စစ်ပိုင်းတွင် အကောင်းဆုံးတွဲဖက်ပြီး ခြေစွမ်းပြကစားနိုင်ခဲ့ကာ အဓိက ကစားသမားတစ်ဦးအဖြစ် ကာလရှည် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဆွန်ယောင်မင်သည် စပါးအသင်းမှ ဟယ်ရီကိန်းထွက်ခွာသွားပြီးနောက်ပိုင်းတွင်လည်း စပါးအသင်းခေါင်းဆောင်အဖြစ် အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နိုင်ခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြလျက်ရှိသူဖြစ်သည်။

သို့သော် စပါးအသင်းနှင့် ဆွန်ယောင်မင်တို့စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး စပါးအသင်းဘက်မှ သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိခဲ့ခြင်းကို ဆွန်ယောင်မင်က စိတ်ပျက်လျက်ရှိသည့်အတွက် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှထွက်ခွာရန် သတင်းများထွက်ပေါ်လျက်ရှိသည်။

ဖီနာဘာချီအသင်းနည်းပြ မော်ရင်ဟိုက ယခုဘောလုံးရာသီ၌ တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် အဆင့်(၂)နေရာ၌ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုလက်လွတ်ခဲ့ရသည့်အတွက် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံဆုစိန်ခေါ်နိုင်ရန် ဆွန်ယောင်မင်ကို ခေါ်ယူအင်အားဖြည့်တင်းလိုခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟို စပါးအသင်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့စဉ်က ဆွန်ယောင်မင်နှင့်တွဲဖက်ခဲ့ဖူးသူများဖြစ်သည့်အတွက် နည်းပြ မော်ရင်ဟိုက ဖီနာဘာချီအသင်းထံခေါ်ယူလိုခြင်းဖြစ်ပြီး ဖီနာဘာချီအသင်းကလည်း မြင့်မားသည့် လုပ်ခလစာတစ်ရပ်ဖြစ်သည့် တစ်နှစ်လုပ်ခလစာ ယူရို ၁၂ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ကလပ်အသင်းပိုင်ရှင်တူ စည်းမျဉ်းကြောင့် ဒရာဂိုဟီဒါအသင်း ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲမှထုတ်ပယ်ခံရ

ဇူးရစ် ဇွန် ၁၇

အိုင်ယာလန်ကလပ် ဒရာဂိုဟီဒါအသင်းသည် ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရကြောင်း သိရသည်။

ဒရာဂိုဟီဒါအသင်းသည် Trivela Group က ပိုင်ဆိုင်ထားသည့် ကလပ်အသင်းတစ်သင်းဖြစ်ပြီး Trivela Group သည် ဒရာဂိုဟီဒါအသင်းအပြင် ဒိန်းမတ်ကလပ်အသင်းတစ်သင်းဖြစ်သည့် စကီဘော့အသင်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ဒရာဂိုဟီဒါအသင်းအနေဖြင့် ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းတွင် ကလပ်အသင်းပိုင်ရှင်တူ ကလပ်အသင်းနှစ်သင်းအနေဖြင့် ပြိုင်ပွဲတစ်ခုတည်းတွင် ပါဝင်ခွင့်ရရှိမည်မဟုတ်ဘဲ ဒေသတွင်းအမှတ်ပေးဇယားနိမ့်ကျသည့်အသင်းအနေဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည်ဟုပါရှိသည့်အတွက် သက်ဆိုင်ရာအမှတ်ပေးပြိုင်ပွဲများတွင် အဆင့်သတ်မှတ်ချက်များ၌ ဒရာဂိုဟီဒါအသင်းအနေဖြင့် စကီဘော့အသင်းထက် အဆင့်နိမ့်ကျသည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းအရ ဒရာဂိုဟီဒါအသင်းကို ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

*Ref;Goal.com*

# လိုက်ပဇစ်အသင်းမှ ဆက်ကိုအား ခေါ်ယူရန်ကြိုးပမ်းနေသည့်အသင်းများတွင် ဘိုင်ယန်မြူးနစ်အသင်းလည်းပါဝင်

ဘာလင် ဇွန် ၁၇

လိုက်ပဇစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် လူငယ်တိုက်စစ်ကစားသမား ဆက်ကိုအား ခေါ်ယူရန် ကြိုးပမ်းနေသည့်အသင်းများတွင် ဂျာမန်ထိပ်သီး ဘိုင်ယန်မြူးနစ်အသင်းလည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၂ နှစ်သာရှိသေးသည့် ဆက်ကိုသည် ၂၀၂၃ ခုနှစ်က ဆဲလ်ဘတ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ ပွဲပါဝင်ကစားရာ ၁၈ ဂိုးသွင်းယူနိုင်သည်အထိ ခြေစွမ်းပြနိုင်သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၄၅ ပွဲကစားခဲ့ရာ ၂၁ ဂိုးသွင်းယူနိုင်သည့်အပြင် ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ဥရောပထိပ်တန်းအသင်းကြီးများက အပြိုင်ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆက်ကိုအား လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အစပိုင်းကတည်းက အာဆင်နယ်အသင်းက ကမ်းလှမ်းမှုများလုပ်ဆောင်ထားသော်လည်း လိုက်ပဇစ်အသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်ထားသည့်အတွက် ကြန့်ကြာမှုများရှိနေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းက အသင်းမှ တိုက်စစ်ကစားသမားဟယ်ရီကိန်းအနေဖြင့် အသက်အရွယ်အရ ရေရှည်အသုံးပြုရန်ခက်ခဲမည်ဖြစ်သည့်အတွက် ဟယ်ရီကိန်း၏နေရာ၌ အစားထိုးနိုင်ရန် ဘိုင်ယန်မြူးနစ်အသင်းက ဒေသတွင်း ပြိုင်ဘက်အသင်းမှ ဆက်ကိုအား ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*



# ဆော်ဒီထိပ်တန်းကလပ် အယ်အာလီအသင်းက စပါးအသင်းနည်းပြဟောင်း ပိုစတီနိုကိုဂလူအား နည်းပြခန့်အပ်ရန် ကမ်းလှမ်းမှုလုပ်ဆောင်

ရီယက် ဇွန် ၁၇

ဆော်ဒီထိပ်တန်းကလပ် အယ်အာလီအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် စပါးအသင်းနည်းပြဟောင်း ပိုစတီနိုကိုဂလူအား နည်းပြသစ်ခန့်အပ်ရန် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

နည်းပြပိုစတီနိုကိုဂလူသည် ၂၀၂၃ ခုနှစ်က စပါးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စံချိန်တင်ရလဒ်ဆိုးများနှင့်တွေ့ကြုံခဲ့ရကာ အမှတ်ပေးဇယားအဆင့် (၁၇) နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

နည်းပြပိုစတီနိုကိုဂလူသည် ယခုဘောလုံးရာသီတွင် အသင်းကို ယူရိုပါလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်များစံချိန်တင်ဆိုးရွားခဲ့သည့်အတွက် စပါးအသင်းက နည်းပြပိုစတီနိုကိုဂလူအား ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ဘရန့်ဖို့ဒ်အသင်းမှ သောမက်ဖရန့်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အယ်အာလီအသင်းနည်းပြ ဂျိုင်းလီသည် ယခုဘောလုံးရာသီတွင် အသင်းကို အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖလားဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ပြည်တွင်းလိဂ်တွင် အောင်မြင်မှုမရရှိခဲ့သည့်အတွက် ရာသီအကုန်တွင် ရာထူးမှထုတ်ပယ်ခဲ့ပြီး ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ဒေသတွင်းပြိုင်ဘက်အသင်းများဖြစ်သည့် အယ်ဟီလယ်အသင်း၊ အယ်အီတီဟက်အသင်း၊ အယ်နာဆာအသင်းတို့နှင့်အတူ ချန်ပီယံဆုစိန်ခေါ်နိုင်စွမ်းရှိရန်အတွက် နည်းပြ ပိုစတီနိုကိုဂလူအား နည်းပြသစ်ခန့်အပ်ရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြပိုစတီနိုကိုဂလူသည် အာရှတွင် နည်းပြခဲ့ဖူးသူဖြစ်ပြီး ဂျပန်ကလပ် ယိုကိုဟားမားအသင်းကို တာဝန်ယူကိုင်တွယ်ဖူးသူတစ်ဦးဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့်ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၆ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇွန် ၁၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၇၀ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၅၆ ဦး၊ ကင်မရွန်းနိုင်ငံသား ရှစ်ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၆ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့်ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများစနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကင်မရွန်းနိုင်ငံသံရုံးမှ First Secretary Ms. Danzouma Alima Anda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ဂါနာသမ္မတနိုင်ငံသံရုံးနှင့် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အိန္ဒိယနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၄၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၌ တရားမဝင် Online ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူဖော်ထုတ်ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၌ တရားမဝင် Online ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ အိမ်အမှတ်(မဆ-၄၀၀)အတွင်းမှ တရုတ်နိုင်ငံသား အမျိုးသား ၄၀ ဦးနှင့်မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ အိမ်အမှတ်(ဟန-၈)အတွင်းမှ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့်မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၁၇

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်နှင့်ကောင်းမှုတုံရပ်ကွက်အတွင်း၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများပူးပေါင်းကာ Online ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးခြင်းများ လုပ်ကိုင်ခဲ့ပါသည်။

ထိုသို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ အိမ်အမှတ် (မဆ-၄၀၀)ရှိ အိမ်ပိုင်ရှင်(စိစစ်ဆဲ)၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် Online ငွေကြေးလိမ်လည်မှုလုပ်ငန်းများလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၀ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား လက်ကိုင်ဖုန်းမျိုးစုံ ၁၂၀ လုံး၊ ကွန်ပျူတာမျိုးစုံ ၈၆ လုံး၊ WiFi စက် ၃ လုံး၊ Crown မော်တော်ယာဉ်တစ်စီးတို့ဖြင့် လည်းကောင်း၊ ကောင်းမှုတုံရပ်ကွက်၊ အိမ်အမှတ်(ဟန-၈)ရှိ အိမ်ပိုင်ရှင်(စိစစ်ဆဲ)၏နေအိမ်အတွင်းမှ တရားမဝင် Online ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့အား ကွန်ပျူတာမျိုးစုံ ၁၆ လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၃၄ လုံး၊ WiFi စက် ၃ လုံး၊ Crown မော်တော်ယာဉ်တစ်စီး၊ TOYOTA LANDCRUISER မော်တော်ယာဉ်တစ်စီးတို့ဖြင့်လည်းကောင်း စစ်ဆေးတွေ့ရှိသိမ်းဆည်းဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၁ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၅၉ ဦးနှင့် အမျိုးသမီး ၃၈ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၁၇

မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၂/၂၀၂၅)
## ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
## (၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၁၀)နေရာ**အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- (ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီးဖြစ်ရမည်။
- (ဃ) ၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (စ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၂။ လျှောက်ထားသူများသည်အောက်ပါစာရွက်စာတမ်းများပူးတွဲလျက်ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ **၁၈-၇-၂၀၂၅ ရက်(သောကြာနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်-**

- (က) ကိုယ်ရေးမှတ်တမ်း
- (ခ) ပညာအရည်အချင်းအထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်မူရင်း
- (င) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

၃။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာဖော်ပြထားခြင်းမရှိသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို စစ်ဆေးမည်ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲကို ၂၃-၇-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)နံနက်(၀၉၃၀)နာရီမှ(၁၂၃၀)နာရီအထိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။**

၅။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၁-၇-၂၀၂၅ ရက်နှင့် ၂၂-၇-၂၀၂၅ ရက်တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။ (စာမေးပွဲဖြေဆိုခွင့်ကတ်ပြားပါနံပါတ်သည် ခုံအမှတ်ဖြစ်ပါသည်)

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲဖြေဆိုပြီးသည့်ရက်မှ ရက်သတ္တ(၂)ပတ်အတွင်း လူတွေ့စစ်ဆေးမည့်သူများ၏ အမည်စာရင်းအားကြေညာသွားမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော် - ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၉၆၅၈ နှင့် ၀၆၇-၃၄၀၉၁၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET 2 System အတွက် အသုံးပြုလျက်ရှိသော Trend Micro Antivirus နှင့် Red Hat OS လိုင်စင်များ (၁)နှစ် သက်တမ်းတိုးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၆-၆-၂၀၂၅) ရက်နေ့မှ (၂၅-၆-၂၀၂၅)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၃-၇-၂၀၂၅)ရက်နေ့ မွန်းလွဲ(၁:၀၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)**

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁ % အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(တင်ဒါအာမခံအား ငွေသား(သို့မဟုတ်)PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ(လုံးဝ)လက်မခံပါ။)**

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section ၏ တယ်လီဖုန်းနံပါတ် ၀၁-၉၅၅၅၅၃၀နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | တာယာ | ၂ မျိုး |
| ၂။ | ဘက်ထရီ | ၂ မျိုး |
| ၃။ | စက်ဆီချောဆီ | ၆ မျိုး |

တင်ဒါရောင်းချမည့်ရက် - ၁၇-၆-၂၀၂၅/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၂-၇-၂၀၂၅/ညနေ ၁၅:၀၀နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅**


**ပျောက်ဆုံးကြောင်း**
ဦးချစ်လွင်(ဘ)ဦးစိန် ၁၂/အစန(နိုင်)၀၇၇၃၉၇ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မြတ်နိုးခင်(ဘ)ဦးစိုးမောင် ၉/မလန(နိုင်)၁၈၁၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လဲ့ရည်ချို(ဘ)ဦးဝင်းညွန့် ၇/ပခန(နိုင်)၃၃၅၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးဝင်း(ဘ)ဦးဟန်မြင့် ၉/တသန(နိုင်)၂၄၄၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်ထွဋ်(ဘ)ဦးလှထွန်း ၁၂/အလန(နိုင်)၀၂၉၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ရွှေမင်းသစ်(ဘ)ဦးစိုးထက်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**မိခင်အမည်မှန်**
ဘီးလင်းမြို့၊ အလက(ခွဲ)ညောင်ပလ္လင်ကျောင်း၊ Grade-2 မှ မောင်ဇွဲမောင်မောင်ထွန်း၏ မိခင်အမည်မှန်မှာ နန်းနှင်းမိုး ၃/ဘအန(နိုင်)၄၉၄၅၂၈ ဖြစ်ပါကြောင်း။
နန်းနှင်းမိုး

**ပျောက်ဆုံးကြောင်း**
ရွှေယမင်း(ဘ)ဦးခင်အောင် ၁၂/ကမတ(နိုင်)၀၉၀၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**
အောင်ကိုလင်း(ဘ)ဦးတင်ဇော် ၇/နတလ(နိုင်)၁၃၀၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၁၈၆၁၆၆

**ပျောက်ဆုံးကြောင်း**
ကျင်းစော(ဘ)လောက်အယ် ၁၃/လရန(နိုင်)၂၂၈၇၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ဖွေးဖွေးသွယ်(ဘ)ဦးမြင့်ဘို ၅/ဒပယ(နိုင်)၁၁၃၀၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 391648)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၀၀၇၃၂၀၆

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အလက(ခွဲ)ညောင်ပလ္လင်ကျောင်း၊ Grade-2 မှ နန်းသဒ္ဒါရုံ၏ ဖခင်အမည်မှန်မှာ ဦးစိုးကိုလတ် ၁၀/ဘလန(နိုင်)၁၆၂၄၁၈ ဖြစ်ပါကြောင်း။
ဦးစိုးကိုလတ်

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းလင်း(ဘ)ဦးစိုးဦး ၅/ခဥတ(နိုင်)၀၉၀၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၁၀၅၄၇၅

**ပျောက်ဆုံးကြောင်း**
မေလွင်ခိုင်(ဘ)ဦးသန်းအေး ၁၂/ရပသ(နိုင်)၀၆၈၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၂၀၈၄၁၄

**ပျောက်ဆုံးကြောင်း**
ကေသီစိုး(ဘ)ဦးကျော်လှိုင် ၁၂/လသယ(နိုင်)၀၇၇၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၈၂၇၇၇၆

**ပျောက်ဆုံးကြောင်း**
ချစ်စိန်(ဘ)ဦးအဗ္ဗဒူဂနီ ၁၂/သဃက(နိုင်)၂၂၄၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၈၈၅၄၇၇၄

**ပျောက်ဆုံးကြောင်း**
အောင်မြင့်ဦး(ဘ)ဦးအုံမောင် ၁၀/မလမ(နိုင်)၂၄၅၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၁၁၅၀၁၈

**ပျောက်ဆုံးကြောင်း**
ဇာနည်ကိုကို(ဘ)ဦးမောင်ငို ၉/အမဇ(နိုင်)၀၄၃၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၄၃၁၁၅၆

**ပျောက်ဆုံးကြောင်း**
အေးအေးကြူ(ဘ)ဦးစိန်မောင် ၁၂/မရက(နိုင်)၀၇၀၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၁၀၅၈၇၄

**ပျောက်ဆုံးကြောင်း**
ထန်ဆန်(ဘ)ဦးလမုန်ယွန် ၁/ကမန(နိုင်)၀၁၂၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၁၄၆၈၃၇

**ပျောက်ဆုံးကြောင်း**
အာကာကျော်(ဘ)ဦးအောင်စိုး ၁၄/ဝခမ(နိုင်)၁၇၅၆၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၆၀၉၉၃

**ပျောက်ဆုံးကြောင်း**
သျှိုင်းသျှန်ထွန်း(ဘ)ဦးလှိုင်ထွန်း ၁၂/သခန(နိုင်)၁၄၃၉၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မင်းခန့်သူ(ဘ)ဦးတင့်မွန် ၁၂/ဒလန(နိုင်)၀၇၁၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သူရအောင်(ဘ)ဦးရဲအောင် ၁၂/ကမန(နိုင်)၀၇၉၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စန္ဒာချို(ဘ)ဦးအောင်တင် ၁၂/ဒဂန(နိုင်)၀၂၀၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ755559)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၃၃၀၁၄၁

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ မအားလျင်(ဘ)ဦးရန်စွမ်းရည် ၁၃/လရန(နိုင်)၂၃၆၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၇၇၇၇၈

**ပျောက်ဆုံးကြောင်း**
မရမ်းကုန်းမြို့၊ အမှတ်(၉)ရပ်ကွက် ရေကူး၊ အညာစုလမ်း၊ အမှတ်-၁၈၅ နေ အေးမြင့်ငြိမ်း(ဘ)ဦးဘမြင့် ၁၂/မရက(နိုင်)၀၇၅၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၆၆၅၀၉၅

**ပျောက်ဆုံးကြောင်း**
လယ်ဝေးမြို့၊ အေလာကျေးရွာအုပ်စု၊ ဇေယျာသိမ်ကျေးရွာနေ သိမ့်သိမ့်သော်(ဘ)ဦးကျော်မင်းစိုး ၉/လဝန(နိုင်)၂၉၄၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၀၂၅၆၅၂

**ဖခင်အမည်မှန်**
နတ်မောက်မြို့၊ အ.ထ.က(၂) Grade-10 မှ မနှင်းဝေရည်၏ဖခင်အမည်မှန်မှာ ဦးကြည်ထွန်းအောင် ၈/နမန(နိုင်)၀၀၃၂၃၂ ဖြစ်ပါကြောင်း။
ဦးကြည်ထွန်းအောင်

**အမည်မှန်**
မော်လမြိုင်မြို့နေ အဘ ဦးမောင်ဝင်း၏ သား ဦးလှနိုင်၏အမည်မှန်မှာ ဦးလှဖူး ၁၀/မလမ(နိုင်)၁၂၃၅၀၂ ဖြစ်ပါကြောင်း။
ဦးလှဖူး

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ အ.ထ.က(ဒေင်) Grade-11 မှ မဇင်မြတ်မွန်၏ ဖခင် ဦးသက်ထွန်းဦးနှင့် ဦးတက်ထွန်း ၁၃/ကသန(နိုင်)၀၂၈၈၁၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးသက်ထွန်းဦး(ခ)ဦးတက်ထွန်း

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ မောင်နန်းကြည်(ဘ)ဦးကျန်ကွေဟုန် ၁၃/လရန(နိုင်)၁၁၇၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၇၇၇၇၈

**ပျောက်ဆုံးကြောင်း**
သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၃၈)နေ မောင်မြတ်မိုး(ဘ)ဦးစိန်သောင်း ၁၂/သဃက(နိုင်)၁၁၆၄၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အေးသုခကျေးရွာနေ သဲပိုပိုဇော်(ဘ)ဦးမြင့်ဇော် ၇/ဒဥန(နိုင်)၂၁၀၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 828838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်မှန်**
နတ်မောက်မြို့နယ်၊ အ.လ.က နဘူးတောင် Grade-4 မှ အဘ ဦးဘိုချွန်၏သမီး မရွှန်းနဒီခင်၏အမည်မှန်မှာ မရွှန်းလဲ့မေဇိုလ်ဖြစ်ပါကြောင်း။
မရွှန်းလဲ့မေဇိုလ်

**ပျောက်ဆုံးကြောင်း**
မန်တုံမြို့နေ မောင်မောင်နိုင်(ဘ)ဦးအိုက်ထွေး ၁၃/မတန(နိုင်)၀၀၂၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**အမည်မှန်**
နေပြည်တော်၊ ပျဉ်းမနားမြို့၊ မေကိုယ်ပိုင်အလယ်တန်းကျောင်း Grade-4 မှ အဘ ဦးမင်းလွင်ဦး၏သမီး မယုယမင်းလွင်၏ အမည်မှန်မှာ မယုယခင်ဖြစ်ပါကြောင်း။
မယုယခင်

**ပျောက်ဆုံးကြောင်း**
သီဟစိုး(ဘ)ဦးတင်အောင် ၁၂/ကခက(နိုင်)၁၀၃၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၇၀၂၇၇၁

**ပျောက်ဆုံးကြောင်း**
သန်းမြင့်(ဘ)ဦးနိုင်နာမိုဟာမက် ၁၂/စခန(နိုင်)၀၅၈၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၃၀၃၃၃၀

**ပျောက်ဆုံးကြောင်း**
ခင်မောင်ဌေး(ဘ)ဦးလှအောင် ၉/ညဥန(နိုင်)၀၆၄၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တင်မိုးနွယ်(ဘ)ဦးလှကြည် ၁၁/ကဖန (နိုင်)၁၅၇၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MG 618503)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၈၈၉၂၆၄၀၄၀

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့၊ ဆင်စခန်း(အနောက်ရွာ)နေ အောင်မင်းခန့်(ဘ)ဦးမျိုးမင်းထိုက် ၇/ဒဥန(နိုင်)၂၂၉၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၇၉၈၁၁၄

**အလိမ္မာစာမှာရှိ**


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
AIBA
Prize of the Jury 2016
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


သဘာဝအစစ်ပို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နောက်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
Tea Mix
Lemon Tea
Black Tea
ရွှေဖီဦး
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန –ဖုန်း – ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။


(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုထိရင် မခံချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)

## အထူးမိုးလေဝသသတင်း

# ဇွန်လ ၂၃ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်




နေပြည်တော် ဇွန် ၁၇


ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန်လ ၂၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ●

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၁၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တို့တွင်ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ (မိုး/ဇလ)




**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ**

စာ - ၂၆ သို့

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၌ တရားမဝင်Online ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာ - ၂၉ သို့

**အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၆ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့**

စာ - ၂၉ သို့

